# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက် | ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၅ ရက်၊ သောကြာနေ့ | အတွဲ (၆၅)၊ အမှတ်(၀၆၆)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ) ရုံးအဆောက်အအုံသစ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ) ရုံးအဆောက်အအုံသစ်ဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၄

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ) ရုံးအဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးသည်။**

အခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများနှင့် အဆင့်တူပုဂ္ဂိုလ်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဗဟိုဘဏ်ဒါရိုက်တာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ နိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ) ရုံးအဆောက်အအုံသစ်နေရာသို့ ရောက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ) ရုံးအဆောက်အအုံသစ်ကို ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ❑



**ယနေ့ ဇတ်စရာ**

ရောဝတီ - ဖော်လ်ဂါနဒီ - ရောဝတီ - မော့စ်ကပါနဒီ စီးလော့စီးလော့ - စီးဆင်းလော့ တက်ညီလက်ညီ ပန်းတိုင်ခရီးက နီးပြီ နီးပြီ - ရောဝတီ - မော့စ်ကပါနဒီ — ဆောင်းပါး — စာ ၆

သုတပညာမှ လက်တွေ့စွမ်းရည်သို့ ပြောင်းလဲနိုင်မှု အနုပညာ — ဆောင်းပါး — စာ ၁၀

တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ တပ်မတော် နယ်လှည့်အထူးကုဆေးအဖွဲ့ မော်လမြိုင်ကျွန်းမြို့နယ် ရွာသစ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက် — ပြည်တွင်းသတင်း — စာ ၁၇






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ)၏ သမိုင်းကြောင်းနှင့် အဆောက်အအုံတည်ဆောက်ပြီးစီးမှု Video Clip အား ကြည့်ရှုစဉ်။

❑ *ရွှေဖုံးမှ*

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ) အဆောက်အအုံသစ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**အမွှေးနံ့သာရည်ပက်ဖျန်း**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ) အဆောက်အအုံသစ် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးပြီး ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ) အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

**လွှဲပြောင်းပေးအပ်**

ဆက်လက်၍ အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ)၏ သမိုင်းကြောင်းနှင့် အဆောက်အအုံတည်ဆောက်ပြီးစီးမှုအား Video Clip ဖြင့် ရှင်းလင်းတင်ပြ၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ) အဆောက်အအုံသစ်နှင့် သက်ဆိုင်သည့် လွှဲပြောင်းမှတ်တမ်းစာအုပ်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ) အဆောက်အအုံသစ်ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ) အဆောက်အအုံသစ် တည်ဆောက်ခဲ့မှုမှတ်တမ်းဓာတ်ပုံများအား ကြည့်ရှုစဉ်။

ယင်းနောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ) အဆောက်အအုံသစ်ဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ကျေးဇူးတင်စကား ပြောကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ) အဆောက်အအုံသစ် တည်ဆောက်ခဲ့မှုမှတ်တမ်းဓာတ်ပုံများအား ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ငွေရေးကြေးရေးကဏ္ဍ တည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြောင်းလဲလာသည့် ခေတ်စနစ်များနှင့်အညီ ရည်မှန်းချက်၊ ရည်ရွယ်ချက်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် ငွေရေးကြေးရေးကဏ္ဍကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပိုမိုထိရောက်စွာ ကြီးကြပ်ထိန်းကျောင်းဆောင်ရွက်နိုင်ရေး၊ ဒေသအသီးသီး၏ ဖွံ့ဖြိုးမှုတွင် ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးမှုကိုပါ တစ်ပါတည်း ဖော်ဆောင်နိုင်ရေးနှင့် နယ်စပ်ဒေသအပါအဝင် ဒေသအသီးသီးတွင် Financial Inclusion ကို ပိုမိုဖော်ဆောင်ရန်နှင့် ကြီးကြပ်ထိန်းကျောင်းမှုကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်အရ နိုင်ငံ၏စီးပွားရေးအချက်အချာကျသည့် မန္တလေးမြို့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ) ရုံးအဆောက်အအုံသစ်ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယနေ့တွင် ဖွင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ)ရုံးအဆောက်အအုံသစ်သည် နိုင်ငံတကာ ဗဟိုဘဏ်အဆင့်မီ အဆောက်အအုံအင်္ဂါရပ်များနှင့်အညီ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ) ရုံးအဆောက်အအုံသစ်ကို ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဟာမုနိဘုရားကြီးအား ပန်း၊ ရေချမ်းကပ်လှူပူဇော်စဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးမြို့ မဟာမုနိဘုရားကြီးသို့ သွားရောက်ဖူးမြော်ကြည်ညို ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများအား ပြန်လည်ပြုပြင်မွမ်းမံနေမှုများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီး များ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မန္တလေး မြို့ မဟာမုနိဘုရားကြီးသို့ သွားရောက်ဖူးမြော် ကြည်ညိုပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် သာသနိကအဆောက်အအုံများအား ရှေးမူ မပြတ် ပြန်လည်တည်ဆောက်ပြုပြင်မွမ်းမံနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

### ကပ်လှူပူဇော်

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည် မဟာမုနိဘုရားကြီးသို့ ရောက်ရှိကြပြီး ဘုရားဖူးလာမိဘပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များ သည် မဟာမုနိဘုရားကြီးအား မြသပိတ် ဆွမ်းတော်၊ သစ်သီးဆွမ်းတော်နှင့် ပန်း၊ ရေချမ်း ကပ်လှူပူဇော်ကာ ဖူးမြော်ကြည်ညိုသည်။

### လမ်းညွှန်မှာကြား

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များသည် မဟာမုနိဘုရားကြီးအား လက်ယာရစ်လှည့်လည်၍ ဘုရားကြီးရှိ သာသနိက အဆောက်အအုံများတွင် ငလျင်ဒဏ်ကြောင့် ထိခိုက် ပျက်စီးခဲ့ရမှုများအား ရှေးမူမပျက် ပြန်လည်ပြုပြင် တည်ဆောက်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက် ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြန်လည် ပြုပြင်ခြင်းလုပ်ငန်းများ၊ အသစ်တည်ဆောက်ရသည့် လုပ်ငန်းများဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ ခိုင်မြဲရေးနှင့် စနစ်တကျဖြစ်စေရေး တွက်ချက် ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

### ပေးအပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ နှင့် ဇနီးတို့က ဘုရားကြီးဘက်စုံပြုပြင်မွမ်းမံရန် အတွက် စုပေါင်းအလှူတော်ငွေများကို ပေးအပ် လှူဒါန်းရာ ဂေါပကအဖွဲ့မှတာဝန်ရှိသူများက လက်ခံ ရယူကြသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်

*စာမျက်နှာ ၅ သို့*



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဘုရားကြီးဘက်စုံပြုပြင်မွမ်းမံ ရန် စုပေါင်းအလှူတော်ငွေများ ပေးအပ်လှူဒါန်းစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘုရားဖူးလာမိဘပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မန္တလေးမြို့ မဟာမုနိဘုရားကြီး၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် သာသနိကအဆောက်အအုံများအား ရှေးမူမပျက်ပြန်လည်တည်ဆောက်ပြုပြင်မွမ်းမံနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၄ မှ*


အဖွဲ့ဝင်များသည် ပြည်ပလှူဖွယ်ပစ္စည်းများ ပြခန်းနှင့် ချိတ်ဆွဲရတနာခန်းမသို့ရောက်ရှိပြီး ငလျင်ဘေးဒဏ်ဖြစ်ပေါ်ချိန်တွင် ပြင်းထန်သော လှုပ်ခတ်မှုများကြောင့် မြေခခဲ့ရသည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့၌ စေတနာရှင်အများပြည်သူများ လှူဒါန်းထားရှိသည့် ရတနာရွှေငွေကျောက်သံပတ္တမြားနှင့် စိန်ဖူးတော်များ၊ ငှက်မြတ်နားတော်၊ ရတနာရွှေအိုးနှင့် ဆည်းလည်းကိုးခိုင်၊ နတ်မင်းကြီးလေးပါး၊ ဇွန်းလေးဘုံ၊ ဆပ်သွားဖူးတော်၊ ထီးတော်ကြီး ဘုံကိုးဆင့်တို့အား ထိန်းသိမ်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ဘုရားစောင်းတန်းနေရာသို့ရောက်ရှိပြီး ဘုရားစောင်းတန်းများသည် ဘုရားဖူးလာမိဘပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် သွားလာနိုင်ရန် ဆောင်ရွက်ပေးထားခြင်းဖြစ်သဖြင့် စနစ်တကျဖြစ်ရန်လိုကြောင်းဖြင့် တာဝန်ရှိသူများကို လမ်းညွှန်မှာကြားခဲ့ပြီး ဘုရားဖူးလာရောက်ကြသည့် ဘုရားဖူးလာ မိဘပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❖ **ဘုရားစောင်းတန်းများသည် ဘုရားဖူးလာမိဘပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် သွားလာနိုင်ရန် ဆောင်ရွက်ပေးထားခြင်းဖြစ်သဖြင့် စနစ်တကျဖြစ်ရန်လို**



ကျောင်းတော်ကြီးအဝင် မြောက်ဘက်စမြင်ရှိ တိုင်လုံးအုတ်ပြာသာဒ်ပျက်စီးမှုကို တွေ့ရစဉ်။



ဂန္ဓကုဋိတိုက်နောက်ကျောတော်နံရံ ပျက်စီးနေမှုကို တွေ့ရစဉ်။



ထုပိကာပျက်စီးမှုကို တွေ့ရစဉ်။



ကျောင်းတော်ကြီးအဝင် မြောက်ဘက်စမြင်ရှိ တိုင်လုံးအုတ်ပြာသာဒ်သံတိုင်ထောက် ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။



ဂန္ဓကုဋိတိုက်နောက်ကျောတော်နံရံ ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။



ထုပိကာပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

# ရောဝတီ - ဖော်လ်ဂါနဒီ - ရောဝတီ - မော့စ်ကပါနဒီ စီးလော့စီးလော့ - စီးဆင်းလော့ တက်ညီလက်ညီ ပန်းတိုင်ခရီးက နီးပြီ နီးပြီ - ရောဝတီ - မော့စ်ကပါနဒီ

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်သတင်းများ၊ ရုရှားနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့များ၏ မြန်မာနိုင်ငံချစ်ကြည်ရေးခရီးစဉ်သတင်းများ၊ မကြာသေးမီရက်ပိုင်းအတွင်းက ဘယ်လာရုစ်သမ္မတကြီးနှင့်အဖွဲ့၏ မြန်မာနိုင်ငံချစ်ကြည်ရေးခရီးစဉ် သတင်းများ စသည်၊ စသည်ဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘယ်လာရုစ်သမ္မတနိုင်ငံတို့နှင့် ချစ်ကြည်ရင်းနှီးသောအားရဖွယ်ခရီးစဉ်သတင်းများ၊ ဆောင်းပါးများကို စဉ်ဆက်မပြတ် မြင်တွေ့ရ၊ ဖတ်ရှုရသောအခါ များစွာဝမ်းမြောက်ဝမ်းသာဖြစ်မိပြီး လွန်ခဲ့သော နှစ် ၆၀ ဝန်းကျင်ကာလက ကျွန်တော်တို့သတင်းစာကိုယ်စားလှယ်အဖွဲ့များ ရုရှား(ဆိုဗီယက်ပြည်ထောင်စု) နိုင်ငံသို့ အကြိမ်ကြိမ်ရောက်ရှိခဲ့သည်များကို သူ့အလိုလို ပြန်လည်၍ အမှတ်ရလာမိပါသည်။

**တက္ကသိုလ်မြတ်သူ**

### ရုရှားနိုင်ငံ တစ်နံတစ်လျားသို့ ရောက်ရှိ

ကျွန်တော်သည် ရုရှားနိုင်ငံသို့ ၁၉၅၈ ခုနှစ် အောက်တိုဘာလ၊ နိုဝင်ဘာလက တစ်ကြိမ် (အာရှ-အာဖရိက စာရေးဆရာ ညီလာခံတက်ရောက်ရန်) ရောက်ခဲ့ပြီး ၁၉၆၂ ခုနှစ် ဇူလိုင်လက ဒုတိယအကြိမ် ဖင်လန်နိုင်ငံ ဟယ်လ်စင်ကီမြို့တော်၌ ကျင်းပသည့် (၈)ကြိမ်မြောက်ကမ္ဘာ့လူငယ်များပွဲတော်တက်ရောက်သည့်ခရီးစဉ်အတွင်း ရုရှားနိုင်ငံ တစ်နံတစ်လျားသို့ တစ်ကြိမ် ရောက်ရှိခဲ့ပါသည်။

ထို့ပြင် ၁၉၇၃ ခုနှစ် ဇူလိုင်လတွင် ပိုလန်နိုင်ငံ သတင်းစာဆရာများသမဂ္ဂ၏ ဖိတ်ကြားချက်အရ ကိုဝင်းတင် (ဟံသာဝတီ)၊ ကျွန်တော် (ကြေးမုံ)၊ ကိုစိုးမင်း (လုပ်သားပြည်သူ့နေ့စဉ်)၊ ကိုကြည်ညွန့် (မြန်မာ့အလင်း)နှင့် ကိုသန်းဆွေ(ဗိုလ်တထောင်) တို့ ပိုလန်နိုင်ငံတွင် ရက်သတ္တနှစ်ပတ်လေ့လာပြီး ရုရှားနိုင်ငံ နိုဗော့စတီသတင်းဌာန (APN) ၏ ဖိတ်ကြားချက်အရ မော်စကိုမြို့သို့ ၁၀ ရက်ခန့် ဝင်ရောက်လေ့လာရင်း တတိယအကြိမ် ရုရှားနိုင်ငံသို့ ရောက်ခဲ့ပြန်ပါသည်။ ၁၉၇၄ ခုနှစ်တွင် Working People Daily သတင်းစာမှ ဦးသန်းစောနှင့် ကြေးမုံမှ ကျွန်တော်တို့ အရှေ့ဂျာမနီနိုင်ငံသို့ ရက်သတ္တနှစ်ပတ်ကြာလေ့လာရေးခရီးထွက်ရင်း အသွား/အပြန် မော်စကိုမြို့သို့ ခေတ္တခဏမျှ တစ်ညအိပ် ဝင်ရောက်ခွင့်ရပြန်သည်။

ရုရှားနိုင်ငံသည် ဂျုံစိုက်ပျိုးရေးကောင်းသည်။ နွား၊ ဆိတ်၊ ဝက်၊ သိုး မွေးမြူရေးကောင်းသည်။ ထို့ကြောင့် အမဲသား၊ ဝက်သား၊ ကြက်သား ပေါများသည်။ နွားနို့၊ ထောပတ်၊ ဒိန်ခဲ (ချိစ်) ပေါသည်။ ပင်လယ်ငါးဥ ဆားနယ်ကောင်းကောင်းစားရသည်။ ကမ္ဘာကျော် ရုရှားစာဆိုကြီး ပွတ်ရှ်ကင်၏ နေအိမ်သို့ ရောက်ခဲ့သည်။ ရုရှားစာရေးဆရာများစွာနှင့် တွေ့ဆုံရင်းနှီးခဲ့သည်။ ကဗျာများရေးကာ ရွတ်ဆိုခဲ့သည်။ မော်စကို မြို့တော်တစ်ခွင်နှင့် လီနင်ဂရက် (ယခု စိန့်ပီတာစဘတ်မြို့) တို့သို့ သွားရောက်လေ့လာခဲ့ဖူးသည်။

၁၉၅၈ ခုနှစ် အာရှ-အာဖရိကစာရေးဆရာများ ညီလာခံခရီးစဉ်၌ မော်စကို၊ လီနင်ဂရက် လေ့လာရေးအပြင် ၁၉၅၈ ခုနှစ် အောက်တိုဘာလ ၂၄ ရက် ညတွင် မော်စကိုမြို့ ကရင်မလင်နန်းတော်ဝင်းရှိ ဆိုဗီယက်ဦးစီးလွှတ်တော်ခန်းမ၌ ဆိုဗီယက်ကွန်မြူနစ်ပါတီအကြီးအကဲ (အထွေထွေအတွင်းရေးမှူး)နှင့် ဆိုဗီယက်ပြည်ထောင်စု သမ္မတကြီး ဆာဂျီယေးဗစ် နီကီတာ ခရူးရှက်က တည်ခင်းသော ဂုဏ်ပြုညစာစားပွဲသို့ ဆရာကြည်မြ(မန္တလေး)၊ ဆရာ ဦးသာညွန့်(တက္ကသိုလ်ညွန့်ဦး) (စာပေဗိမာန်) တို့နှင့်အတူတက်ရင်း မစ္စတာခရူးရှက်နှင့် သူ၏ ၁၉၅၇ ခုနှစ် မြန်မာပြည်ခရီးစဉ်အကြောင်း စကားလက်ဆုံကျခဲ့ရသည်။

မော်စကိုမြို့၊ စိန့်ပီတာစဘတ်မြို့တို့၌ လီနင်၏ အောက်တိုဘာတော်လှန်ရေးကို ကြီးကြပ်ရန် နေထိုင်ခဲ့သော အဆောက်အအုံ၊ စိန့်ပီတာဘုရင်ကြီး၏ နွေရာသီနန်းတော်၊ ဆောင်းရာသီနန်းတော်များ၊ စာကြည့်တိုက်များ၊ တက္ကသိုလ်များသို့ ရောက်ရှိ

> ❒ **ယခုနှစ်တွင် ရုရှား-မြန်မာသံတမန်ဆက်ဆံရေးသည် (၇၇)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပြီး နှစ်နိုင်ငံဆက်ဆံမှု၊ နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ အပြန်အလှန်လည်ပတ်မှု၊ ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုတို့၌ တိုးတက်မှုများဖြစ်ပေါ်လျက်ရှိပြီး ဆက်လက်၍လည်း ဆက်သွယ်ဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်သွားမည်**
>
> ❒ **နိုင်ငံတော်အကြီးအကဲနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး ဗလာဒီမာပူတင်နှင့် တွေ့ဆုံရာတွင် မြန်မာ-ရုရှား မိတ်ဖက်ဆက်ဆံရေး၊ မဟာမိတ်ဆက်ဆံရေး၊ ခိုင်မာသည့်ဆက်ဆံရေး ဖန်တီးနိုင်ခဲ့ပါသည်။ ယုံကြည်စိတ်ချရဆုံးနှင့် မြန်မာနိုင်ငံအတွက် ထာဝရမိတ်ဆွေဖြစ်နေမည့် နိုင်ငံကြီးတစ်နိုင်ငံဖြစ်**

လေ့လာခဲ့သည်။ မော်စကိုမြို့ရှိကရင်မလင်နန်းတော်ဝင်းအတွင်း ရင်ပြင်နီမှ လီနင်၊ စတာလင်တို့၏ ဂူဗိမာန်များကို လေ့လာခဲ့ဖူးသည်။

### မြန်မာ့ဆိုရှယ်လစ် ခေတ်ပြောင်းတော်လှန်ရေး ဆင်နွှဲနေချိန်ဖြစ်

ထိုစဉ်က မြန်မာနိုင်ငံသည် ဆင်းရဲသားအလုပ်သမား တောင်သူလယ်သမား၊ ဆင်းရဲနွမ်းပါးသည့် ပြည်သူအများစု၊ မြေရှင်၊ ချစ်တီး၊ အရင်းရှင်တို့၏ ခေါင်းပုံဖြတ်၍ လူလုံးမလှဖြစ်နေရခြင်းမှ လွတ်မြောက်စေရန် ဗိုလ်ချုပ်အောင်ဆန်း၏ အာသီသဖြင့် မြန်မာ့ဆိုရှယ်လစ် ခေတ်ပြောင်းတော်လှန်ရေး ဆင်နွှဲနေချိန်ဖြစ်ပါသည်။ ဆိုရှယ်လစ်လမ်းစဉ်ကို အခြေခံသော ၁၉၇၄ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် အခြေခံဥပဒေရေးဆွဲပြီး ၁၉၇၃ ခုနှစ် ဒီဇင်ဘာလတွင် ပြည်သူတို့ကိုယ်တိုင် မဲပေးဆုံးဖြတ်အတည်ပြုမည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရန် စီစဉ်ခဲ့သည်။ နိုင်ငံပိုင်သတင်းစာများဖြစ်သော လုပ်သားပြည်သူ့နေ့စဉ်၊ ကြေးမုံ၊ ဗိုလ်တထောင်၊ မြန်မာ့အလင်း၊ ဟံသာဝတီ (မန္တလေး)၊ ဂါးဒီးယန်း၊ Working People Daily တို့တွင် အခြေခံဥပဒေအကြောင်း သတင်းများ၊ ဆောင်းပါးများဖြင့် နေ့စဉ်ရက်ဆက်ပြည်သူတို့အား ရှင်းလင်းတင်ပြ သတင်းပေးရေးသားနေရသည်။ သတင်းစာများသည် နေ့စဉ်စာမျက်နှာ ၂၀၊ ၂၄ မျက်နှာဖြင့် ထုတ်ဝေခဲ့ရသည်။

ထို ၁၉၇၃-၇၄ ကာလသည် အစ္စရေးနိုင်ငံဘက်မှ ကူညီသည့် အမေရိကန်၊ အင်္ဂလိပ်၊ ပြင်သစ် စသည့် ဥရောပအရင်းရှင်နိုင်ငံများ၊ တောင်ကိုရီးယား၊ ဂျပန်၊ ဩစတြေးလျ၊ စင်ကာပူ စသည့်နိုင်ငံများအား အာရပ်နိုင်ငံများက ရေနံတင်ပို့မှုရပ်ဆိုင်းကာ ရေနံသပိတ်မှောက်ခဲ့ကြသည်။ ထို့ကြောင့် ရေနံဖြင့် စက်ရုံများလည်ပတ်စေပြီးမှ ကုန်ပစ္စည်းထုတ်လုပ်ရသော အရင်းရှင်စက်မှုနိုင်ငံများ လေဖြတ်သွားသလို ဖြစ်နေခဲ့သည်။ ကုန်ထုတ်လုပ်နိုင်ရန် စက်များ မလည်ပတ်နိုင်၊ ဝါရှင်တန်ဒီစီမြို့တော်တွင် ဈေးဆိုင်များ ညဘက် ဖယောင်းတိုင်ထွန်း၍ ဈေးရောင်းခဲ့ရသည်။

မြန်မာနိုင်ငံသည်လည်း စက္ကူထုတ်လုပ်ရောင်းချနေသော ဟော်လန်၊ ဆွီဒင်၊ ဖင်လန်၊ နော်ဝေ၊ ပိုလန်နိုင်ငံတို့မှ စက္ကူဝယ်ယူ၍ မရတော့ပေ။ ဤသို့ဖြင့် ၁၉၇၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှစပြီး သတင်းစာအားလုံး နေ့စဉ်သတင်းစာများကို စာမျက်နှာ ၈ မျက်နှာစီသာ ထုတ်ဝေစေရတော့သည်။ ထိုသို့ ၈ မျက်နှာနှင့် ထုတ်ဝေနေခြင်းသည်လည်း စက္ကူမလုံလောက်၊ နောက်တစ်လဆိုလျှင် သတင်းစာများ ရပ်ရမလိုဖြစ်လာသည်။ နိုင်ငံတော်အစိုးရအကြီးအကဲများနှင့် ပြန်ကြားရေးဝန်ကြီးတို့က ၁၉၇၃ ခုနှစ် ဇူလိုင်လတွင် ပိုလန်သို့သွားမည့် ကျွန်တော်တို့အဖွဲ့အား သတင်းစာစက္ကူရအောင် ဝယ်ခဲ့ဟု အထပ်ထပ်မှာကြားတော့သည်။

ကျွန်တော်တို့လည်း ပိုလန်သတင်းစာ သမဂ္ဂကို ပုံနှိပ်စက္ကူမျှပါဟု ပြောရသည်။ ပိုလန်သတင်းစာဆရာများက အားနာပါးနာနှင့် ကျွန်တော်တို့ကို တောင်းပန်ကြရှာသည်။ ပိုလန်သည် စက္ကူထုတ်လုပ်သောနိုင်ငံဖြစ်သော်လည်း ယခုရေနံစွမ်းအင်လောင်စာ သပိတ်မှောက်ခံရ၍ စက္ကူမထုတ်လုပ်နိုင်၊ မိမိတို့ပင်လျှင် လက်ကျန်စက္ကူများကို ချွေတာခြိုးခြံသုံးနေရပါသည်။ အပြန်ခရီး မော်စကိုဝင်လျှင် ရုရှားအစိုးရထံ ဝယ်ကြည့်ပါ။ သူတို့က ဟန်မပျက် စက္ကူများထုတ်လုပ်နိုင်ကြသည်ဟု ပြောလိုက်၍ မော်စကိုရောက်ပြီး နောက်တစ်နေ့ ရုရှားအစိုးရ ကုန်သွယ်ရေးဝန်ကြီးထံ သွားရောက်တွေ့ဆုံပြီး စက္ကူအခက်အခဲတင်ပြကာ စက္ကူရောင်းချပေးပါရန် မေတ္တာရပ်ခံရသည်။ ဝန်ကြီးက နှစ်ခွန်းပြောစရာမလိုဘဲ စက္ကူတန်ချိန် ၇၀၀ ရောင်းချပေးပါမည်ဟု ကတိပေးလိုက်၍ ကျွန်တော်တို့ ပြည်တော်ပြန်အဝင်လှခဲ့သည်။ သတင်းစာများ ဆက်လက်၍ ထုတ်ဝေနိုင်ခဲ့သည်။

ထိုသို့ ရုရှားတို့၏ မိတ်ဆွေကောင်းပီသသော စိတ်ဓာတ်၊ ချစ်ကြည်ရေးစိတ်ဓာတ်ကို ကိုယ်တွေ့ကြုံခဲ့ရာ လေးစားခဲ့ရ၊ ကျေးဇူးတင်ခဲ့ကြရသည်ကို မမေ့ပါ။ ကျွန်တော်၏ ရုရှားအတွေ့အကြုံကို ရေးသားတင်ပြရသည်မှာ ဟိုးယခင်ကတည်းက ကျွန်တော်တို့အပေါ် မိတ်ဆွေကောင်းပီသသော ရုရှားဖက်ဒရေးရှင်းနိုင်ငံအကြောင်း သိစေလို၍ ဖြစ်ပါသည်။

ယခုနှစ်တွင် ရုရှား-မြန်မာသံတမန်ဆက်ဆံရေးသည် (၇၇)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပြီး နှစ်နိုင်ငံဆက်ဆံမှု၊ နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ အပြန်အလှန်လည်ပတ်မှု၊ ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုတို့၌ တိုးတက်မှုများဖြစ်ပေါ်လျက်ရှိပြီး ဆက်လက်၍လည်း ဆက်သွယ်ဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းများအရ သိရပါသည်။

### အာရှဒေသတွင် လာရောက်ဖြန့်ကြက်ပြီး ဆောင်ရွက်စေလို

ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် ပထဝီအနေအထားအရလည်း အလွန်အရေးပါသော နိုင်ငံဖြစ်သည်။ ဘယ်လောက်ပဲ ရုရှားနိုင်ငံ၏ အောင်မြင်မှုများကို တိုက်ခိုက်နေပါစေ ရုရှားနိုင်ငံ၏ ဖြစ်ထွန်းအောင်မြင်မှုများကိုတော့ ဘယ်လိုမှ သူတို့နှိမ်နင်းလို့ရမည်မဟုတ်ပါ။ ထို့ကြောင့် ရုရှားနိုင်ငံ၏ ကြွယ်ဝမှုနှင့် နည်းပညာများကို ကျွန်တော်တို့ အာရှဒေသတွင် လာရောက်ဖြန့်ကြက်ပြီး ဆောင်ရွက်စေလိုပါသည်။ ရုရှားနိုင်ငံ သမ္မတကြီး မစ္စတာပူတင်ကလည်း အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံကို ၎င်းတို့၏ ယုံကြည်စိတ်အချရဆုံး မိတ်ဆွေအဖြစ် သဘောထားကြောင်း ပြောကြားသည်ဟု သိရသဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် အကျိုးကျေးဇူးများစွာ ရနိုင်ပါကြောင်း ဆိုချင်ပါသည်။

မြန်မာနိုင်ငံ၌ လူဦးရေ ၅၁ သန်းကျော် ရှိပါသည်။ မိမိတို့ဝန်းကျင်တွင်ရှိသည့် နိုင်ငံများ၌ စုစုပေါင်း လူဦးရေ သန်းပေါင်း ၃၀၀၀ နီးပါး ရှိပါသည်။ ရုရှားနိုင်ငံမှ တိုက်ရိုက်လာရောက် ရင်းနှီးမြှုပ်နှံပြီး အဆွေတော်တို့ နည်းပညာဖြင့် ထုတ်လုပ်မည်ဆိုလျှင် မုချအကျိုးရှိမည်ဟု မိမိပြောရဲပါသည်။

လာရောက် ရင်းနှီးမြှုပ်နှံရေးနှင့်ပတ်သက်၍ အခက်အခဲအခြေအနေများကို ခေါင်းထဲထည့်ရန် မလိုပါ။ ထိုအခက်အခဲဆိုသည်များမှာ ယာယီပြဿနာမျှသာ ဖြစ်ပါသည်။ အားလုံးပူးပေါင်းဆောင်ရွက်လျှင် အခက်အခဲဟူသမျှ ပြေပျောက်သွားမည်သာဖြစ်ပါသည်။ နိုင်ငံတော်အကြီးအကဲနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီးဗလာဒီမာပူတင်နှင့် တွေ့ဆုံရာတွင် မြန်မာ- ရုရှား မိတ်ဖက်ဆက်ဆံရေး၊ မဟာမိတ်ဆက်ဆံရေး၊ ခိုင်မာသည့်ဆက်ဆံရေး ဖန်တီးနိုင်ခဲ့ပါသည်။ ယုံကြည်စိတ်ချရဆုံးနှင့် မြန်မာနိုင်ငံအတွက် ထာဝရမိတ်ဆွေ

*စာမျက်နှာ ၇ သို့*

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
၂၃
ရက်
သာ လိုတော့သည်။

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊မန္တလေး)တို့၏ (၃၁)ကြိမ်မြောက် သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၄**

နိုင်ငံတော်သံဃမဟာ နာယက အဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ် (ရန်ကုန်၊ မန္တလေး)တို့၏ (၃၁)ကြိမ်မြောက် သာသနတက္ကသီလမဟာ ဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေး ကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ်(ရန်ကုန်) မဟာဘွဲ့နှင်းသဘင် ခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်များ၏ အဓိပတိ သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မိတ္ထီလာဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒအမှူးပြုသော တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဆရာတော်များ၊ ထေရဝါဒ ဗုဒ္ဓသာသနာပြုသြဝါဒါစရိယအဖွဲ့ ဆရာတော်များ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်မှ ဆရာတော်များ၊ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ် (ရန်ကုန်၊ မန္တလေး)တို့မှ သင်ကြား၊ စီမံဆရာတော်များ၊ ကျမ်းစစ်ဆရာတော်များနှင့် ဘွဲ့ခံသံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘွဲ့ရဆရာတော်များ၏ ဒါယကာ၊ ဒါယိကာမများနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက ယနေ့ ဘွဲ့ခံယူကြသည့် သာသနာ့အာဇာနည်တို့သည် ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ ပိဋကတ်တော်များကို ဘာသန္တရပါတွဲဖက်၍ ခေတ်မီ သင်ယူနည်းဖြင့် လေ့လာသင်ယူကြပြီးဖြစ်၍ စာပေကျမ်းဂန်သင်ယူမှုပရိယတ္တိသည် နိဿရဏတ္တာ ပရိယတ္တိဖြစ်နိုင်အောင် **“သောတာနုဂတာနံ ဘိက္ခဝေဓမ္မာနံဝစသော ပရိစိတာနံမနသာနုပေက္ခိတာနံ ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါနံ စတ္တာရော အာနိသံသာ ပါဋိကင်္ခါတဗ္ဗာ”** အစရှိသော အင်္ဂုတ္တရနိကာယ စတုက္ကနိပါတ သောတာနုဂတ သုတ်တော်ကို ဆင်ခြင်စဉ်းစား နှလုံးထားလျက် ပွားများကြိုးကုတ် အားထုတ်ကြရန် ဖြစ်ကြောင်း၊ ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ တည်ထောင်ဖွင့်လှစ်ကြခြင်း၏ ရည်ရွယ်ချက် ၄ ချက်ထဲက တတိယအချက်ဖြစ်သော ပြည်တွင်း ပြည်ပ နှစ်ဌာနတို့၌ ဆင်းရဲချမ်းသာမရွေး ကျေးလက်တောရွာပါမကျန် နေထိုင်သီတင်းသုံး၍ သာသနာပြုခြင်းနှင့် စတုတ္ထ ရည်ရွယ်ချက်ဖြစ်သည့် လူအများ တွေ့ကြုံ ခံစားနေရသော ကိုယ်စိတ်ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်း၊ စိုးရိမ်ပူပန်ခြင်းတို့ကို ဗုဒ္ဓမြတ်စွာတရားဒေသနာတော်ကြီးဖြင့် သက်သာပျောက်ကင်းချမ်းသာစေခြင်း အကျိုးငှာ ပရဟိတပဋိပန္န ပုဂ္ဂိုလ်အဖြစ်သို့ ရောက်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူကြ၍ မြတ်စွာဘုရားသာသနာတော်ဝယ် တံခွန်အောင်လံသဖွယ် ထင်ရှားသည့် ရှေးသွားခေါင်းဆောင်များဖြစ်ကြပါစေကြောင်း သာရဏီယသြဝါဒကထာမြွက်ကြားသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟို အဖွဲ့ဥက္ကဋ္ဌ မိတ္ထီလာဆရာတော် ဘဒ္ဒန္တကောဝိဒက “မိမိသင်ယူတတ်မြောက်ပြီးသော ပရိယတ္တိဒေသနာဉာဏ်များဖြင့် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ်ပေါ်တွင် ခိုင်ခိုင်မတ်မတ်ရပ်တည်ကာ မိမိအကျိုး၊ အမျိုးဘာသာ သာသနာအကျိုးကို ဦးလည်မသုန် သယ်ပိုး ဆောင်ရွက်နိုင်ကြပါစေကြောင်း” သမ္မောဒနီယသြဝါဒကထာ မြွက်ကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က သာသနာရေးဆိုင်ရာများ လျှောက်ထားကြသည်။

ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မော်ကွန်းထိန်းဆရာတော် ဘဒ္ဒန္တသုမနက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ တက္ကသိုလ်များအုပ်ချုပ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ မိတ္ထီလာဆရာတော် ဘဒ္ဒန္တကောဝိဒထံ ဘွဲ့ခံစာရင်းကို အတည်ပြုလက်မှတ် ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး) မော်ကွန်းထိန်းဆရာတော်တို့က ဘွဲ့ခံယူကြမည့် သာသနတက္ကသီလ မဟာဓမ္မာစရိယ M.A(Buddhism) ဘွဲ့ရ ၂၄ ပါးနှင့် သာသနတက္ကသီလဓမ္မာစရိယ B.A(Buddhism) ဘွဲ့ရ ၁၁၉ ပါးတို့၏ဘွဲ့တော်များကို ကြေညာ၍ တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌဆရာတော်ထံတွင် ဘွဲ့ခံယူကြသည်။

ဆက်လက်၍ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး) မော်ကွန်းထိန်း ဆရာတော်တို့က သာသနတက္ကသီလမဟာဓမ္မာစရိယဘွဲ့ ခံယူတော်မူမည့် ရဟန်းတော်များနှင့် သာသန တက္ကသီလဓမ္မာစရိယ ဘွဲ့ခံယူတော်မူမည့် ရဟန်းတော်များအား တစ်ပါးချင်း၏ဘွဲ့တော်ကိုကြေညာ၍ ပါမောက္ခချုပ်ဆရာတော်များထံ ဘွဲ့ခံယူစေပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ၏ အဓိပတိ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသရှေ့မှောက်တွင် ဘွဲ့ခံရဟန်းတော်များက သာသနာပြုကတိသစ္စာ ခံယူကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ မိတ္ထီလာဆရာတော် ဘဒ္ဒန္တကောဝိဒထံမှ ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူ၍ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

အခမ်းအနား အပြီးတွင် မြတ်စွာဘုရားအပါအဝင် ဘွဲ့ခံသံဃာတော် ၁၄၃ ပါး စုစုပေါင်း ၁၄၄ ဆူ/ပါးတို့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များက ဆွမ်းဆန်တော်များ ဆက်ကပ်လောင်းလှူကြသည်။

ယနေ့ (၃၁) ကြိမ်မြောက် သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင်တွင် သာသနတက္ကသီလ မဟာဓမ္မာစရိယ M.A(Buddhism) ဘွဲ့ရ ၂၄ ပါးနှင့် သာသနတက္ကသီလဓမ္မာစရိယ B.A(Buddhism) ဘွဲ့ရ ၁၁၉ ပါး စုစုပေါင်း ဘွဲ့ရ အရှင်မြတ် ၁၄၃ ပါး ဘွဲ့ခံယူခဲ့ပြီး နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ်များမှ (၃၁)ကြိမ်မြောက်အထိ ဘွဲ့ခံယူခဲ့ကြသည့် ရဟန်းတော် စုစုပေါင်း ၃၄၆၄ ပါး ပေါ်ထွန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

ဖြစ်နေမည့် နိုင်ငံကြီးတစ်နိုင်ငံ ဖြစ်သည်။ ထို့ကြောင့် မိတ်ဆွေ ရုရှားနိုင်ငံသူနိုင်ငံသားများနှင့် ရုရှား လုပ်ငန်းရှင်များကို ကြိုဆိုပါသည်ဟု ပြောကြားလိုပါသည်။

**နှစ်နိုင်ငံချစ်ကြည်ရေးသီချင်းကို သတိရမိ**

၁၉၆၂ ခုနှစ် ဇူလိုင်၊ သြဂုတ်လက မြန်မာလူငယ် ၃၀ ပါရှိသော အဖွဲ့တစ်ဖွဲ့သည် တရုတ်နိုင်ငံ၊ ရုရှားနိုင်ငံ၊ ဖင်လန်နိုင်ငံ ဟယ်လ်စင်ကီမြို့တော်ခရီး၊ ကမ္ဘာ့ (၈) ကြိမ်မြောက် ကမ္ဘာ့လူငယ်ပွဲတော်သို့ တက်ရောက်ခဲ့ကြပါသည်။ ကျောင်းသားအဖွဲ့အစည်းများမှ ကျောင်းသားလူငယ်များ၊ ပြည်သူ့လူငယ်ကိုယ်စားလှယ်များ၊ အားကစားလူငယ်များ၊ စာပေ၊ ဂီတ၊ ရုပ်ရှင်လူငယ်များ ပါဝင်ကြသည်။ ခရီးစဉ်အတွင်း မော်စကိုမြို့တွင် မြန်မာလူငယ်ကိုယ်စားလှယ်များ ရက်သတ္တ သုံး၊ လေးပတ် လှည့်လည်လေ့လာခဲ့ကြသည်။ ထိုစဉ်က စာပေ၊ ရုပ်ရှင်၊ တေးဂီတအနုပညာ လူငယ်ကိုယ်စားလှယ်များအဖြစ် ရုပ်ရှင်မင်းသားကိုမြတ်လေး၊ စာရေးဆရာနှင့် ရုပ်ရှင်ဒါရိုက်တာ မောင်နေမျိုး၊ စန္ဒရားချစ်ဆွေ၊ စာရေးဆရာ၊ သတင်းစာဆရာ တက္ကသိုလ်မြတ်သူ၊ အဆိုကျော် ကိုမင်းနောင်၏ဇနီး အဆိုတော်မရီလေးတို့လည်းပါခဲ့ကြသည်။ ရုရှားနိုင်ငံအတွင်း လည်ပတ်လေ့လာစဉ် မြန်မာ–ရုရှားနှစ်နိုင်ငံ ချစ်ကြည်ရေးအတွက် မင်းသားကြီး ကိုမြတ်လေး ရေးကာ၊ စန္ဒရားချစ်ဆွေက တီး၊ ကျွန်တော်တို့ သီဆိုခဲ့ကြသော နှစ်နိုင်ငံချစ်ကြည်ရေးသီချင်းကို သတိရမိပါသည်။ သီချင်းအစပိုဒ်မှာ ဤသို့ဖြစ်ပါသည်။

“တသွင်သွင် – စီးဆင်းနေသော ဧရာဝတီ...... တသွင်သွင်စီးဆင်းနေသော ဗော်လ်ဂါနဒီ ...စီးလေ့ --စီးလေ့--စီးဆင်းလေ့--တကဲညီလက်ညီ၊ အင်အားရှိသမျှ စီးဆင်းလေ့--ပန်းတိုင်ခရီးကနီးပြီ ...နီးပြီ--ဧရာဝတီ--ဗော်လ်ဂါနဒီ--ဧရာဝတီ... မေ့ခ်စ်ကပါနဒီ---

ဗော်လ်ဂါမြစ်သည် ရုရှားနိုင်ငံ၏ အထင်ကရ မြစ်ကြီးဖြစ်ပြီး ဧရာဝတီက မြန်မာနိုင်ငံ၏ အထင်ကရမြစ်ဖြစ်ပါသည်။ မေ့ခ်စ်ကပါမြစ်မှာ မော်စကိုမြို့ကို လှည့်ပတ်စီးဆင်းနေသော မြစ်ဖြစ်ပါသည်။ စိန့်ပီတာစဘတ်မြို့ကိုမူ နီပါးမြစ်က ကွေ့ကောက်စီးဆင်းပါသည်။ ရုရှားနိုင်ငံတွင် ဒွန်မြစ်သည်လည်း နာမည်ကျော်ပါသည်။ စာပေနိုဘယ်ဆုရ ရုရှားစာရေးဆရာ မီခေးလ်ရှိုလိုကော့ ရေးသားသော And Quiet Flow the Don ဝတ္ထု(ရုပ်ရှင်)ကို မြန်မာစာရေးဆရာများက တငြိမ့်ငြိမ့်ဒွန်ဟူ၍ လည်းကောင်း၊ ဒွန်မြစ်ညင်သာစီးလျက်ပါဟူ၍ လည်းကောင်း ဘာသာပြန်ဆိုခဲ့ကြပါသည်။ ရှင်ရာဟုလာကစ္စည်း၏ ဗော်လ်ဂါမှ ဂင်္ဂါသို့ စာအုပ်လည်း ကမ္ဘာကျော်ခဲ့ပါသည်။

မြစ်တို့သည် အေးချမ်းညင်သာစွာ စီးဆင်းရင်း လှပသောရှုခင်း၊ သာယာသော ဥတုရာသီ၊ စိုက်ပျိုးရေး၊ သောက်သုံးရေများကိုလည်း ပေးကြပါသည်။ ထို့ကြောင့် နှစ်နိုင်ငံ အေးချမ်းချောမွေ့သော ချစ်ကြည်ရေးကို မြစ်ရေညင်သာစီးဆင်းခြင်းနှင့် တင်စားခိုင်းနှိုင်းလေ့ရှိကြပါသည်။

ယခု အောင်မြင်မှုအမြောက်အမြားဖြင့် မြန်မာ–ရုရှား–မြန်မာ–ဘယ်လာရုစ် နိုင်ငံတို့၏ ချစ်ကြည်ရေးများကိုလည်း ဧရာဝတီ -- ဗော်လ်ဂါနဒီ -- ဧရာဝတီ -- မေ့ခ်စ် ကပါနဒီဟူ၍ ဆောင်းပါး ခေါင်းစဉ်တပ်လိုက်ရပါကြောင်း။ ။

# အွန်လိုင်းငွေကြေးလိမ်လည်မှုအကြောင်း ဥပဒေရေးရာသိကောင်းစရာ အသိပညာမျှဝေပွဲ ဥပဒေရေးရာဝန်ကြီးဌာနတွင် ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၄**

အွန်လိုင်းငွေကြေးလိမ်လည်မှုအကြောင်း ဥပဒေရေးရာသိကောင်းစရာများနှင့်စပ်လျဉ်း၍ အသိပညာမျှဝေပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ဥပဒေရေးရာဝန်ကြီးဌာန မြေညီထပ်အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ ဥပဒေရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အရာထမ်းအမှုထမ်း တက်ရောက်ကြသည်။

ဦးစွာ တရားစွဲနှင့်အမှုလိုက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မင်းအောင်က အွန်လိုင်းငွေကြေးလိမ်လည်မှုအကြောင်း သိကောင်းစရာများ ဆွေးနွေးတင်ပြရာ အသိပညာမျှဝေပွဲ ကျင်းပရသည့်အကြောင်းရင်း၊ တွေ့ရှိရသည့် အွန်လိုင်းအသုံးပြုလိမ်လည်မှုပုံစံများ၊ အွန်လိုင်းအသုံးပြု ငွေကြေးလိမ်လည်မှု ဖြစ်စဉ်နမူနာများ၊ အွန်လိုင်းအသုံးပြုငွေကြေးလိမ်လည်မှု မခံရစေရေးအတွက် ဆောင်ရန်ရှောင်ရန်များ၊ လိမ်လည်ခံရပါက ဆောင်ရွက်နိုင်သည့် လုပ်ငန်းစဉ်များကို ရှင်းလင်း ဆွေးနွေးတင်ပြသည်။

အဆိုပါ ရှင်းလင်းဆွေးနွေးချက်များအရ မိမိ၏ Online Banking Account , Pay Account (K Pay, AYA Pay,Wave Pay စသည်)တို့မှ ငွေကြေးလိမ်လည်ရယူခံရမှုမရှိစေရေးအတွက် မိမိမသိသောသူ၊ မိမိနှင့်သိသူဟုဟန်ဆောင်သူက ပေးပို့သော Links များသို့ ဝင်ရောက်ခြင်း၊ Applications များကို Download ပြုလုပ်ခြင်း၊ မိမိ၏ User Name, Password, OTP Code တို့ကို ပေးပို့မျှဝေခြင်း မပြုရန် လိုအပ်ကြောင်း၊ Online တွင် အရောင်းအဝယ်ပြုလုပ်ခြင်း၊ ရင်းနှီးမြှုပ်နှံခြင်းတို့အတွက် ငွေပေးချေရာတွင် ငွေလက်ခံရယူမည့်သူနှင့်ပတ်သက်၍ စိစစ်သတိပြုရန် လိုအပ်ကြောင်း၊ ငွေလက်ခံရယူမည့်သူသည် အမှန်တကယ် အရောင်းအဝယ်ပြုလုပ်သူ၊ ရင်းနှီးမြှုပ်နှံခြင်းလုပ်ငန်းလုပ်ကိုင်သူ အစစ်အမှန်မဟုတ်ပါက လွှဲပြောင်းသောငွေဆုံးရှုံးမှုဖြစ်ပေါ်နိုင်ကြောင်း၊ အွန်လိုင်းငွေကြေးလိမ်လည်သူများသည် အခြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ဖြင့် မှတ်ပုံတင်ထားသော Sim Card၊ အခြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ အခြားသူ၏အမည်ဖြင့် လိမ်လည်မှတ်ပုံတင်ထားသော ဖုန်းအမှတ်ဖြင့် ဖွင့်လှစ်ထားသည့် Pay Account (K Pay, AYA Pay,Wave Payစသည်)ကို အသုံးပြု၍ လိမ်လည်ရယူလေ့ရှိသဖြင့် မိမိ၏နိုင်ငံသားစိစစ်ရေးကတ်ပြား၊ မိမိအမည်ဖြင့် မှတ်ပုံတင် ထားသော Sim



Card ၊ မိမိအမည်ဖြင့် ရေးဖွင့်ထားသော Account တို့၏ လုံခြုံရေးကို ဂရုပြုထိန်းသိမ်းရန် လိုအပ်ကြောင်း၊ မိမိအမည်ဖြင့် မှတ်ပုံတင်ထားသော Sim Card, Account တို့ကို ပြန်လည် ရောင်းချခြင်းကြောင့် အွန်လိုင်းငွေကြေးလိမ်လည်သူက လိမ်လည်ရယူသည့်ဖြစ်စဉ်တွင် အရေးယူခံရနိုင်သည်ကို သတိပြုရန် လိုအပ်ကြောင်း၊ အွန်လိုင်းငွေကြေးလိမ်လည်ခံရပါက သက်ဆိုင်ရာရဲစခန်းနှင့် ဘဏ်၏ Hot Line ဖုန်းနံပါတ်သို့ ချက်ချင်းအသိပေးတိုင်တန်းရန် လိုအပ်ကြောင်း အသိပညာမျှဝေခဲ့သည်ဟုသိရသည်။

အဆိုပါ အသိပညာမျှဝေခြင်းသည် လက်ရှိအခြေအနေနှင့် လျော်ကန်မှုရှိသဖြင့် ဥပဒေရေးရာဝန်ကြီးဌာနမှ ကျန်ရှိသော ဝန်ထမ်းများအပြင် ဌာနဆိုင်ရာအသီးသီးရှိအရာထမ်း၊ အမှုထမ်းများကိုလည်း အွန်လိုင်းငွေကြေးလိမ်လည်မှုအကြောင်း ဥပဒေရေးရာသိကောင်းစရာများ ဆက်လက်မျှဝေမည့် အစီအစဉ်များပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် တိုက်ကွမ်ဒို၊ ဘိလိယက်နှင့်စနူကာအားကစားအဖွဲ့များ၏ လေ့ကျင့်နေမှု လိုက်လံကြည့်ရှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၄**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များ၏ လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



ဦးစွာပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏရှိ တိုက်ကွမ်ဒို လေ့ကျင့်ရေးရုံသို့ ရောက်ရှိရာ အမျိုးသားတစ်ဦးချင်း တီထွင်ကကွက် (freestyle poomsae) တွင် ညိုမင်းလွင်က လည်းကောင်း၊ Recognized poomsae pair ကျား+မ နှစ်ဦးပြိုင်ပွဲအတွက် ကောင်းဇင်ခန့်နှင့် အေးမြသူဇာတို့က လည်းကောင်း၊ အတိုက်အားကစားနည်း - ၈၀ ကီလိုအောက်ပြိုင်ပွဲတွင် ဇော်လင်းထက်နှင့် ရှိုင်းထက်အောင်တို့က လည်းကောင်း ပြသ၊ ယှဉ်ပြိုင်ကစားနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် အမျိုးသားအားကစားပြိုင်ပွဲ ရုံ(၁)ရှိ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်လေ့ကျင့်ရေးခန်းမသို့ ရောက်ရှိပြီး ဘိလိယက်အသင်းလိုက်ပြိုင်ပွဲတွင် ချီးမြှင့်မည့် ရွှေတံဆိပ်ဆုရရှိရေးအတွက် ဘိလိယက်နှစ်ယောက်တွဲ ပြိုင်ပွဲအနေဖြင့် ဦးပေါက်စက တစ်ဖက်မောင်အောင်ဌေးနှင့် မောင်နေသွေးဦးတို့က တစ်ဖက် ယှဉ်ပြိုင်ကစားခဲ့ရာ မောင်အောင်ဌေးနှင့် မောင်နေသွေးဦးက သုံးပွဲ - တစ်ပွဲဖြင့် အနိုင်ရရှိသည်။

ယင်းနောက် စနူကာတစ်ဦးချင်းပြိုင်ပွဲတွင် မောင်ဝင်းကိုကိုနှင့် မောင်အောင်ဖြိုးတို့ ယှဉ်ပြိုင်ကစားရာ မောင်ဝင်းကိုကိုက သုံးပွဲ ပွဲမရှိဖြင့် လည်းကောင်း၊ အခြားစနူကာတစ်ဦးချင်း ပြိုင်ပွဲတွင် မောင်မျိုးသူရအောင်နှင့်မောင်ကျော်ဝေယံစိုးတို့ ယှဉ်ပြိုင်ကစားရာ မောင်မျိုးသူရအောင်က သုံးပွဲ တစ်ပွဲဖြင့် လည်းကောင်း အနိုင်ရရှိသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဘိလိယက်နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမရရှိသည့် မောင်အောင်ဌေးနှင့် မောင်နေသွေးဦးတို့အတွဲနှင့် ဒုတိယရရှိသွားသည့် ဦးပေါက်စတို့ကို ဂုဏ်ပြုဆုငွေများကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က စနူကာလက်ရွေးစင် အားကစားသမားများကို လည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အုပ်ချုပ် / နည်းပြများနှင့် အားကစားသမားများကို ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရန် နီးကပ်လာပြီဖြစ်သည့်အတွက် ကျန်းမာရေးကို အထူးဂရုစိုက်ပြီး လေ့ကျင့်မှုများပြုလုပ်ရာတွင် Injury မရရှိအောင် ဂရုစိုက်လေ့ကျင့်ကြရန်၊ သွား/လာ နေထိုင်စားသောက်ရေးကိစ္စရပ်များ၊ ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင် အောင်နိုင်ရေးကိစ္စရပ်များကို အဓိကထား ဆောင်ရွက်စေလိုကြောင်း၊ အုပ်ချုပ်သူ/နည်းပြများ၏ စီမံကွပ်ကဲမှုများအား လေးစားလိုက်နာ ဆောင်ရွက်ကြစေလိုကြောင်း၊ ပြိုင်ပွဲယှဉ်ပြိုင်ကစားရာတွင် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ၏ ကိုယ်နှုတ်အမူအရာ အပြုအမူကောင်းများဖြင့် နိုင်ငံ့ဂုဏ်ကို မြင့်တက်စေရန် အမိနိုင်ငံတော်အတွက် ရွှေတံဆိပ်ဆုများ ဆွတ်ခူးရယူပေးနိုင်သည့် အားကစားသမားကောင်းများဖြစ်အောင် ကြိုးစားကြရန်နှင့် ရွှေတံဆိပ်ဆုရရှိသူများအား နိုင်ငံတော်မှ ထိုက်ထိုက်တန်တန် ဂုဏ်ပြုသကဲ့သို့ သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်များနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှလည်း ဂုဏ်ပြုချီးမြှင့်ငွေများကို ချီးမြှင့်သွားမည်ဖြစ်၍ ကြိုးစားကြစေလိုကြောင်းမှာကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# (၂၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အကြိုလှုပ်ရှားမှု ကွင်းဆင်းဆေးကုသ

**နေပြည်တော် ဒီဇင်ဘာ ၄**

ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန နေပြည်တော် ခုတင် (၁၀၀)ဆံ့ တိုင်းရင်းဆေးရုံကြီးနှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ဗဟို) တို့ ပူးပေါင်း၍ ဒီဇင်ဘာ ၄ ရက်တွင် အမျိုးသားပရဆေးဥယျာဉ်(နေပြည်တော်)၌ ကျင်းပပြုလုပ်သည့် **“(၂၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အကြိုလှုပ်ရှားမှုကွင်းဆင်းဆေးကုသခြင်း”** ကို ဆောင်ရွက်ခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းနှင့် တာဝန်ရှိသူများ၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဌေး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို) အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက လာရောက်ကုသကြသည့် ပြည်သူများအား အားပေးစကားပြောကြား၍ တိုင်းရင်းဆေးဝါးများပေးဝေခြင်း၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းတို့ကို ကြည့်ရှုအားပေးကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး မော်တော်ယာဉ်စက်ပြင်သင်တန်း ပို့ချနေမှု ကြည့်ရှုအားပေး တာမွေအလုပ်သမားဆေးရုံကြီးနှင့် ပင်မဆေးသိုလှောင်ရေးဌာန ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၄**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ အလုပ်သမားရေးရာ တာဝန်ရှိသူများနှင့်အတူ ရန်ကင်းမြို့နယ် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကင်း)၌ ရန်ကုန်တိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးကော်မတီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ဖွင့်လှစ်သည့် မော်တော်ယာဉ်စက်ပြင်သင်တန်းအမှတ်စဉ် (၄/၂၀၂၅) ဖွင့်လှစ်ပို့ချနေမှုကို ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက အလုပ်သမားဝန်ကြီးဌာနသည် မြန်မာလုပ်သားထု၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားစေရေး၊ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရရှိရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ သင်တန်းကျောင်းများအနေဖြင့် သင်တန်းသားများ အမှန်တကယ်ကျွမ်းကျင်မှုရှိစေရေး၊ သင်တန်းပြီးဆုံးချိန်တွင် သင့်တော်ကောင်းမွန်သော အလုပ်အကိုင်များ တိုးတက်ရရှိစေရေးတို့အတွက် ဆောင်ရွက်ရန် မှာကြားသည်။

ထို့ပြင် ယမန်နေ့ နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အလုံမြို့နယ်ရှိ လူမှုဖူလုံရေးအဖွဲ့ပိုင် ပင်မဆေးသိုလှောင်ရေးဌာနသို့ သွားရောက်၍ အလုပ်သမားဆေးရုံကြီးများနှင့် မြို့နယ်လူမှုဖူလုံရေးဆေးခန်းများအတွက် ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများကို သိုလှောင်ထားရှိမှုနှင့် ဖြန့်ဖြူးဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စနစ်တကျ သိုလှောင်ထားရှိရန်၊ ဖြန့်ဖြူးဆောင်ရွက်သွားရန်နှင့် အလေအလွင့်မရှိစေရေး ဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည်



တာမွေမြို့နယ်ရှိ အလုပ်သမားဆေးရုံကြီးသို့ သွားရောက်လှည့်လည်ကြည့်ရှုကာ လုပ်ငန်းလိုအပ်ချက်များ မေးမြန်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

# စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ (ပျဉ်းမနား)၏ ဒသမအကြိမ်မြောက် စိုက်ပျိုးရေးဒီပလိုမာနှင့် ဒုတိယအကြိမ်မြောက် မွေးမြူရေးဒီပလိုမာ အောင်လက်မှတ်အပ်နှင်း

**နေပြည်တော် ဒီဇင်ဘာ ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ပျဉ်းမနား) ၏ ဒသမအကြိမ်မြောက် စိုက်ပျိုးရေးဒီပလိုမာနှင့် ဒုတိယအကြိမ်မြောက် မွေးမြူရေးဒီပလိုမာ အောင်လက်မှတ် အပ်နှင်းပွဲကို ယနေ့မွန်းလွဲပိုင်းက အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်း၊ နေပြည်တော်ကောင်စီ အတွင်းရေးမှူး ဦးတိုးဝင်းနှင့်ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ (ပျဉ်းမနား)၏ စီမံခန့်ခွဲရေးနှင့် ပညာရေးအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းဆင်းမောင်မယ်များနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အစီအစဉ် ပထမပိုင်းတွင် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ယနေ့သည် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ပျဉ်းမနား) တွင် သုံးနှစ်တာကာလအတွင်း စာတွေ့လက်တွေ့သင်ယူ ပေါက်မြောက်ခဲ့မှုကို နိုင်ငံတော်က အသိအမှတ်ပြုသည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စားရေရိက္ခာဖူလုံပို့လျှံရေး၊ အာဟာရပြည့်ဝရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော လူ့စွမ်းအား အရင်းအမြစ်အသစ်များ ပေါ်ထွက်လာသည့်အထိမ်းအမှတ်နေ့လည်း ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် စိုက်ပျိုးရေးအခြေခံကုန်ထုတ်လုပ်မှု (Agro-based Industries) ကို ထွန်းကာအောင် အဓိကဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) ပန်းတိုင်များကို အာရုံစိုက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့" ဆောင်ပုဒ်နှင့်အညီ ကဏ္ဍအသီးသီးကို ချိတ်ဆက်အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း။

ဒီပလိုမာ ပြီးမြောက်သူများအနေဖြင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ် (မအူပင်) တို့တွင် ဆက်လက်၍ ဘွဲ့ကြိုနှင့် ဘွဲ့လွန်ပညာရပ်များ သင်ယူခွင့်ရှိပါကြောင်း၊ သက်ဆိုင်ရာလုပ်ငန်းများ၌ ဝင်ရောက်လုပ်ကိုင်ပါက သတ်မှတ်ကာလတွင် On Deputation ဖြင့် အဆင့်မြင့်ပညာရပ်များ ဆက်လက်သင်ယူခွင့် ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်ဦးရွက်ပြုနိုင်သော စိုက်ပျိုး - မွေးမြူရေးပညာရှင်များ ဖြစ်လာစေရန်နှင့် ကမ္ဘာ့စားနပ်ရိက္ခာလိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်သူများ ဖြစ်လာစေရေး ဆက်လက် ကြိုးပမ်းသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ပထမနှစ်မှ တတိယနှစ်အထိ တန်းစဉ်ပေါင်း ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

အစီအစဉ် ဒုတိယပိုင်းတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ပျဉ်းမနား) ကျောင်းအုပ်ကြီးက စိုက်ပျိုးရေး ဒီပလိုမာဘွဲ့ ၁၆၈ ဦးနှင့် မွေးမြူရေးဒီပလိုမာဘွဲ့ ၃၂ ဦးကိုဆိုင်ရာ အောင်လက်မှတ်များ ပေးအပ်သည်။




စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနအောက်ရှိ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ ၁၅ ကျောင်းအနေဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်လျက်ရှိသော အလယ်အလတ်အဆင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရှင်လူသားအရင်းအမြစ်များ သင်ကြားလေ့ကျင့်ပေးလျက်ရှိရာ ယနေ့အခမ်းအနား၌ ဒီပလိုမာလက်မှတ်ရရှိသူများအပါအဝင် စိုက်ပျိုးရေးဒီပလိုမာလက်မှတ်ရ ၅၆၈၄ ဦးနှင့် မွေးမြူရေးဒီပလိုမာ လက်မှတ်ရ ၁၇၉ ဦး စုစုပေါင်း ၅၈၆၃ ဦးအား မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ကျင်းပသည့် အရှေ့တောင်အာရှ မူလတန်းပညာသင်ယူမှု တိုင်းတာစစ်ဆေးရေးစံ SEA - PLM 2024 ၏ ဒေသဆိုင်ရာ သုတေသနအစီရင်ခံစာထုတ်ပြန်ခြင်း အခမ်းအနားတက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၄**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်သည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ Hilton Manila Newport World Resorts ၌ ယနေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်သည့် အရှေ့တောင်အာရှမူလတန်းပညာသင်ယူမှု တိုင်းတာစစ်ဆေးရေးစံ SEA- PLM 2024 ၏ ဒေသဆိုင်ရာ သုတေသနအစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနားသို့ ပညာရေးသုတေသနစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်သီတာ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များဖြစ်သည့် ဒေါက်တာဇော်လတ်ထွန်း၊ ဒေါက်တာအေးသီတာစိုး၊ လက်ထောက်အတွင်းဝန် ဦးအောင်သန်းတို့နှင့်အတူ တက်ရောက်သည်။



အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က Video message ပေးပို့၍ SEA–PLM လုပ်ငန်းအစီအစဉ်သည် အာဆီယံပညာရေးမူဘောင်ထဲတွင် အရေးပါသောအစိတ်အပိုင်းဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံး၏ ပညာရည်တန်းတူညီမျှမှု၊ တိုးတက်မှုအတွက် ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ယခုကဲ့သို့ SEA–PLM 2024 ၏ ဒေသဆိုင်ရာ သုတေသနအစီရင်ခံစာကို အောင်မြင်စွာ ဆောင်ရွက်ပြီးစီးထုတ်ပြန်နိုင်ခဲ့ခြင်းသည် အရှေ့တောင်အာရှဒေသတွင်း ကလေးသူငယ်များ၏ ပညာရေးစနစ် တိုးတက်ကောင်းမွန်ရေးကိုမြှင့်တင်ရန် ပူးပေါင်းပါဝင်မှုတစ်ခုဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ဤရလဒ်များကို အထောက်အထားအခြေပြုလမ်းညွှန်ချက်အဖြစ် ပြန်လည်သုံးသပ်ကာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

အခမ်းအနားသို့ SEAMEO, ASEAN, SEA–PLM Secretariat, UNICEF, AKCF စသည့် နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အာဆီယံနိုင်ငံအသီးသီးမှ ပညာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အတူ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# သုတပညာမှ လက်တွေ့စွမ်းရည်သို့ ပြောင်းလဲနိုင်မှု အနုပညာ

**လုပ်ငန်းခွင်နဲ့ ပညာရေးနယ်ပယ်မှာ သုတပညာ (Knowledge) ကြွယ်ဝသူများစွာရှိနေပေမယ့်လည်း မိမိတတ်မြောက်ထားတဲ့ပညာရပ်တွေကို လက်တွေ့လုပ်ငန်းခွင်မှာ ထိရောက်စွာအသုံးချနိုင်မှု (Skill) ဖြစ်သွားအောင် ဖန်တီးနိုင်မှုအားနည်းနေခြင်းဟာ ခေတ်သစ်အဖွဲ့အစည်းတွေအတွက် အရေးကြီးတဲ့ စိန်ခေါ်မှုတစ်ရပ် ဖြစ်လာပါတယ်။ ဒီအရာဟာ သာမန်ပညာရေးနဲ့ လုပ်ငန်းခွင်သင်ကြားမှုအတွက်မှာသာမကစာပေ၊ ဘာသာစကား၊ အချင်းချင်းဆက်သွယ်ပြောဆိုမှုလို လူမှုအသုံးအနှုန်းတွေမှာပါ ထင်ထင်ရှားရှား တွေ့မြင်နေရပါတယ်။**

*မောင်မောင်လင်း*

**မှားလေ့ရှိကြတဲ့ “က”နဲ့ “မှ”**

ဥပမာတစ်ခုပြလိုပါတယ်။ ဒါက မှားလေ့ရှိကြတဲ့ အမှားတစ်ခုဖြစ်ပြီး “က” နဲ့ “မှ” ဆိုတဲ့ ကတ္တားဝိဘတ်နဲ့ ထွက်ခွာရာပြဝိဘတ်ကို သူ့နေရာနဲ့သူ မှန်ကန်စွာ အသုံးမပြုတာမျိုးဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ မြန်မာစကားကို လူမှန်းသိတတ်စကတည်းက သင်ကြားသင်ယူခဲ့ရသလို အခြေခံပညာနဲ့ အဆင့်မြင့်ပညာကဏ္ဍတွေမှာလည်း မြန်မာသဒ္ဒါကို စနစ်တကျ သင်ကြားပေးခြင်းခံခဲ့ရတာတောင်မှ ဒါကို မကြာခဏ မှားယွင်းစွာ အသုံးပြုနေကြဆဲဖြစ်ပါတယ်။

အခမ်းအနားတွေမှာတောင်မှ အခမ်းအနားမှူးအပါအဝင် တက်ရောက်လာကြသူတွေ မှားယွင်းသုံးစွဲနေကြတာ မကြာခဏ တွေ့နေရပါတယ်။ မနေနိုင်တဲ့သူတွေက သိမ်မွေ့စွာ အမှားပြင် (Gentle Correction) ပေးကြသလို ကျွမ်းကျင်သူနဲ့ သင်တန်းပို့ချစေတာမျိုးတောင် လုပ်ပေးပေမယ့်လည်း မှားနေကြဆဲပါ။ သင်တန်းက သင်ကြားပေးလိုက်တဲ့ သုတပညာဟာ လက်တွေ့အသုံးမပြုနိုင်တဲ့ သင်ယူမှုသာဖြစ်နေတယ်လို့ သုံးသပ်လို့ရပါတယ်။ တရားဝင် အခမ်းအနားတွေမှာ အမှန်အသုံးပြုသူတွေထံမှ သင်ယူမှု (Incidental Learning) မရှိသလို ဖြစ်နေကြတာကိုလည်း တွေ့ရှိရပါတယ်။ ဒီအမှားက သုတပညာရှိပေမယ့်လည်း လက်တွေ့အသုံးမပြုနိုင်ခြင်းရဲ့ သာဓကတစ်ခုပဲဖြစ်ပါတယ်။ ဒါကြောင့် သုတပညာနဲ့ လက်တွေ့စွမ်းရည်အကြား ကွာဟချက်ကို လေ့လာသုံးသပ်ဖို့ လိုအပ်လာပါတယ်။

**ပြဿနာသတ်မှတ်ခြင်း**

ဒီသဘောတရားဟာ ပညာရေးနယ်ပယ်နဲ့ လုပ်ငန်းခွင်နယ်ပယ် တစ်လျှောက် **“သုတပညာမှ စွမ်းရည်သို့ မလွှဲပြောင်းနိုင်ခြင်း”** ဖြစ်စဉ်ဖြစ်ပါတယ်။ ဒီအခြေအနေကို ပညာရေးနဲ့ စိတ်ပညာဆိုင်ရာ သဘောတရားတွေအပေါ်အခြေခံပြီး သုတပညာ - စွမ်းရည်ကွာဟချက်၊ သက်မဲ့အသိပညာ၊ သင်ယူမှုလွှဲပြောင်းနိုင်စွမ်း ပျက်ကွက်မှု စသည်ဖြင့် အမည်နာမအမျိုးမျိုး သတ်မှတ်နိုင်ပါတယ်။

**ဖြစ်စေသောအကြောင်းရင်းများ**

ဒီလိုဖြစ်ရတာဟာ သင်ကြားမှုစနစ်၊ စိတ်ပိုင်းဆိုင်ရာအကြောင်းရင်းနဲ့ ယဉ်ကျေးမှုဆိုင်ရာလှုံ့ဆော်မှုတွေ ပေါင်းစပ်ပြီး အောက်မှာဖော်ပြထားသလို ဖြစ်ပေါ်လာတာကြောင့်ဖြစ်ပါတယ် -

(က) **သင်ကြားမှုဆိုင်ရာအကြောင်းရင်းခံများ။** သိမှုဝန်ပိမှု၊ လက်တွေ့နဲ့ ချိတ်ဆက်မထားမှုတို့ကြောင့် နားထောင်၊ မှတ်သားရုံသာဖြစ်မှု။

(ခ) **စိတ်ပိုင်းဆိုင်ရာအတားအဆီးများ။** မိမိသိပြီးသားဟု ယုံကြည်ပြီး ပြုပြင်ရန်လက်မခံလိုတဲ့ အတ္တကာကွယ်မှု၊ အမှားလုပ်မိမှာကို စိုးရိမ်တဲ့ရှက်ကြောက်မှုနဲ့ ကိုယ်ပိုင်သိမှုစွမ်းရည်နည်းပါးခြင်းကြောင့် မိမိအမှားကို မိမိကိုယ်တိုင်မသိမှု။

(ဂ) **ယဉ်ကျေးမှုဆိုင်ရာအကြောင်းရင်းခံများ။** အလေ့အကျင့်ဟောင်းများ၏လွှမ်းမိုးမှု။

**ဖြေရှင်းမှုနည်းဗျူဟာများ**

အထက်က အကြောင်းရင်းခံတွေအနက် သင်ကြားပို့ချမှုဆိုင်ရာ အကြောင်းရင်းခံဟာ အဓိကအားဖြင့် သင်ကြားရေးဒီဇိုင်းနဲ့သက်ဆိုင်ပြီး စိတ်ပိုင်းဆိုင်ရာ အတားအဆီးဟာ အတွင်းစိတ်သဘောထားမှ ပေါက်ဖွားလာကာ ယဉ်ကျေးမှုဆိုင်ရာ အကြောင်းရင်းခံဟာ အလေ့အကျင့်ရှိတဲ့ပုံစံနဲ့ လူမှုပတ်ဝန်းကျင်ကနေ ပေါ်ပေါက်လာတာဖြစ်ပါတယ်။ ဒါကြောင့် သုတပညာနဲ့ စွမ်းရည်ကွာဟချက်ကို ဖြေရှင်းဖို့ဆိုရင် အောက်မှာဖော်ပြပေးထားတဲ့ တက်ကြွစွာလွှဲပြောင်းနိုင်မှု မူဘောင် (Active Transfer Framework) ကို အသုံးပြုသင့်ပါတယ်-

(က) **သင်ကြားမှုပုံစံပြောင်းလဲခြင်း**

(က) **မိုက်ခရိုသင်ကြားမှု။** အကြောင်းအရာငယ်များကို တိုတောင်းစွာသင်ကြားခြင်း၊

(ခ) **နှိုင်းယှဉ်လေ့ကျင့်ခန်း။** “အမှန်နဲ့အမှား” နှိုင်းယှဉ်လေ့ကျင့်ခြင်း၊

(ဂ) **လက်တွေ့တာဝန်ပေးအပ်ခြင်း။** လက်တွေ့စာကြောင်းတွေကို ပြန်လည်စစ်ဆေးခိုင်းခြင်းနဲ့ လက်တွေ့ဘဝ တာဝန်ပေးအပ်လေ့ကျင့်ခြင်း။

(ခ) **ကိုယ်ပိုင်သိမှုစွမ်းရည်မြှင့်တင်ခြင်း**

(က) **ပြန်လည်သုံးသပ်မှု။** “ဘာကြောင့်မှားတာလဲ” ဆိုတဲ့ မေးခွန်းမေးခြင်း၊

(ခ) **စစ်ဆေးစာရင်း။** အမှားဖြစ်နိုင်ခြေရှိတဲ့ အချက်အလက်စာရင်းပြုစုခြင်း။

(ဂ) **သင်ယူမှုယဉ်ကျေးမှုတည်ဆောက်ခြင်း**

(၁) **အချင်းချင်းသင်ကြားခြင်း။** ကျွမ်းကျင်သူတွေက ကူညီခြင်း၊

(၂) **စိတ်ချရသောပတ်ဝန်းကျင်။** အမှားကို သင်ယူမှုအခွင့်အရေးအဖြစ်မြင်ခြင်း၊

(၃) **ခေါင်းဆောင်များ၏ စံနမူနာ။** အကြီးအကဲတွေက ဦးဆောင်ပြသခြင်းနဲ့ အခမ်းအနားတစ်ခုမစတင်မီ အခမ်းအနားမှူးတွေကို ကြိုတင်ခေါ်ယူပြီး သူတို့ဖတ်ကြားမယ့်အစီအစဉ်စာရွက်ကို ပြင်ဆင်ပေးတာမျိုးပြုလုပ်ခြင်း။

(ဃ) **နည်းဗျူဟာရဲ့ ထိရောက်မှုကို ဆန်းစစ်ခြင်း။** သင်တန်းတစ်ခုကိုစီစဉ်တိုင်း သင်တန်းမတိုင်မီနဲ့ သင်တန်းပြီးနောက် စွမ်းဆောင်ရည်အပေါ် လေ့လာစောင့်ကြည့်မှု၊ လုပ်ဖော်ကိုင်ဖက်တွေရဲ့ အကြံပြုချက်စတာတွေနဲ့ တိုးတက်မှုကို တိုင်းတာခြင်း။

**သိမှုမှ လက်တွေ့လုပ်ဆောင်မှုဖြစ်ဖို့ဆိုရာဝယ်**

သက်မဲ့သုတပညာကို လက်တွေ့စွမ်းရည်အဖြစ် ပြောင်းလဲနိုင်ပြီး ပညာရေးနဲ့ လုပ်ငန်းခွင်စနစ်တွေမှာ တိုးတက်မှု အမှန်တကယ်ရရှိနိုင်ဖို့ဆိုရင် တင်ပြခဲ့တဲ့ နည်းဗျူဟာတွေကိုပဲ အသုံးချရမှာဖြစ်ပါတယ်။ ဒါကိုပဲ ဘယ်အကြောင်းအရာအတွက်မဆို အသုံးပြုနိုင်ဖို့ကတော့ ဖြစ်ရပ်ရဲ့အကြောင်းရင်းခံတွေကို ဖော်ထုတ်တတ်ဖို့နဲ့ ဖြေရှင်းမှုနည်းဗျူဟာတွေကို မှန်ကန်စွာ ချမှတ်တတ်ဖို့က အရေးကြီးပါတယ်။ ဥပမာအားဖြင့် AI (ဉာဏ်ရည်တု) နည်းပညာကို လက်တွေ့လုပ်ငန်းခွင်မှာ ဘာကြောင့်အသုံးမချကြတာလဲဆိုတဲ့ ပြဿနာကို အဖြေရှာကြည့်ဖို့ စဉ်းစားကြည့်တဲ့အခါ အဓိကပြဿနာကတော့ သိလျက်နဲ့ မလုပ်နိုင်မှု၊ တစ်နည်းဆိုရရင် သိမှုနဲ့ လက်တွေ့လုပ်ဆောင်မှုရဲ့ ကွာဟချက်ဆိုတာ တွေ့ရပါတယ်။

ဥပမာအားဖြင့် ဝန်ထမ်းတွေဟာ AI သင်တန်းတွေတက်ပြီး AI ကိုရိယာနဲ့ အစီရင်ခံစာအနှစ်ချုပ်ကို ငါးမိနစ်အတွင်း ရေးသားနိုင်ပုံကို လက်တွေ့သိခဲ့ပေမယ့် ရုံးခန်းပြန်ရောက်တော့ မူလရင်းနှီးပြီးဖြစ်တဲ့ ပုံမှန်စာစီ၊ စာရိုက်ခြင်းသာ ပြန်လုပ်နေကြတာကို တွေ့နေရပါတယ်။ ဒါဟာ စွမ်းရည်မရှိတာကြောင့်မဟုတ်ဘဲ အပြုအမူဆိုင်ရာ တုံ့ဆိုင်းမှုကြောင့်ဖြစ်ပြီး သုတပညာရှိပေမယ့် အကျင့်ဟောင်းကပဲ ဆက်လက်လွှမ်းမိုးနေတာကို ကျော်လွှားဖို့ လိုအပ်ပါတယ်။

**ကျော်လွှားရမယ့်အတားအဆီးများ**

ဒီလိုဖြစ်ရတာဟာ အောက်ဖော်ပြပါ အဓိကအတားအဆီးသုံးမျိုးကြောင့် ဖြစ်ပါတယ်-

(က) **ကိုယ်တိုင်ရဲ့သိမြင်မှုဆိုင်ရာ အတားအဆီးများ**

(၁) **စိတ်ပိုင်းဆိုင်ရာစိုးရိမ်မှုနဲ့ ကြောက်ရွံ့မှု။** ဝန်ထမ်းတွေအနေနဲ့ မိမိဌာနရဲ့ ဒေတာလုံခြုံရေးကို စိုးရိမ်ကြပါတယ်။ အမှားလုပ်မိမှာကို ကြောက်ရွံ့ခြင်းနဲ့ အမှားဖြစ်ခြင်းအပေါ် ရှက်ခြင်းကြောင့်လည်း နည်းလမ်းအသစ်တွေကို စမ်းသပ်ဖို့ အားနည်းတတ်ပါတယ်။ အလုပ်ခွင်ရဲ့ဖိအား သို့မဟုတ် အမှားရဲ့အကျိုးဆက်ကြီးမားခြင်းကြောင့် အမှားမဖြစ်ရေးကိုသာ ဦးစားပေးပြီး အလေ့အကျင့်ဟောင်းတွေကို ဆက်လက်အားကိုးနေတတ်ပါတယ်။

(၂) **မိမိကိုယ်ကိုအထင်ကြီးမှု။** မိမိကိုယ်ကို အထင်ကြီးမှုကြောင့် သင်ယူမှုကို ပိတ်ဆို့ထားခြင်းနဲ့ အကြံပြုပေးမှုကိုပင် ဝေဖန်ပြစ်တင်မှုလို့ရှုမြင်ပြီး လက်မခံနိုင်ခြင်းတွေလည်း ဖြစ်တတ်ပါတယ်။

(ခ) **နည်းလမ်းကျင့်သုံးမှုနဲ့ ယဉ်ကျေးမှုဆိုင်ရာ အတားအဆီးများ**

(၁) **စာခိုးယူမှု (Plagiarism) သို့မဟုတ် AI သုံးခြင်းအပေါ် မမှန်သောယုံကြည်ချက်များ။** AI က ထုတ်ပေးလိုက်တဲ့စာသားတွေကြောင့် မူပိုင်ခွင့်ဆိုင်ရာ ပြဿနာဖြစ်လာမှာကို စိုးရိမ်ကြတာမျိုးဖြစ်ပါတယ်။

(၂) **AI ကို သုံးရင် “မတတ်လို့သုံးတာ” လို့ အထင်ခံရမယ်ဆိုတဲ့စိုးရိမ်မှု။** AI ကို သုံးရင် ကိုယ်တိုင်ဘာမှမတတ်လို့ သုံးတာဆိုပြီး အထင်ခံရမှာကို စိုးရိမ်တာမျိုးဖြစ်ပါတယ်။

(၃) **AI ကို စိတ်နှလုံးက မယုံကြည်နိုင်ခြင်း၊ မသုံးခိုင်းနိုင်ခြင်း။** AI ရဲ့အဖြေတွေက တစ်ခါတစ်ရံ အမှန်မဟုတ်တာတွေ ထွက်ပေါ်တတ်တာကြောင့် တိကျမှုမရှိမှာကို စိုးရိမ်ပြီး မယုံမရဲဖြစ်ကာ မသုံးလိုတာမျိုးဖြစ်တတ်ပါတယ်။

(ဂ) **အဖွဲ့အစည်းဆိုင်ရာနဲ့ စိတ်အားထက်သန်မှုနည်းပါးခြင်း**

(၁) **အဖွဲ့အစည်းဆိုင်ရာအခက်အခဲ။** AI ကို စနစ်တကျသုံးစွဲဖို့ ရှင်းလင်းတဲ့မူဝါဒ၊ လမ်းညွှန်ချက်နဲ့ ခွင့်ပြုချက်မရှိခြင်း၊ လုပ်ငန်းပုံစံဟောင်းတွေက တင်းကျပ်လွန်းခြင်း စတဲ့ အတားအဆီးများ။

(၂) **စိတ်အားထက်သန်မှုနည်းပါးခြင်း (Low Motivation)။** AI ကို သုံးတာအတွက် အသိအမှတ်ပြုမှုဒါမှမဟုတ် ချီးမြှောက်မှုမရှိရင် ဝန်ထမ်းတွေဟာ အပင်ပန်းခံပြီး နည်းလမ်းသစ်ကို ပြောင်းလဲကျင့်သုံးချင်စိတ် နည်းပါးသွားမှာဖြစ်ပါတယ်။

**လက်တွေ့ဖြေရှင်းနည်းများ (နည်းဗျူဟာလေးရပ်)**

ကျွန်တော်တို့ရဲ့ ရည်မှန်းချက်က အေအိုင်သုတပညာကနေ ယုံကြည်မှုကို တိုးပွားစေမယ့် ပံ့ပိုးမှုဝန်းကျင်တစ်ခု ဖန်တီးဖို့ဖြစ်ပြီး အဲဒါအတွက် နည်းဗျူဟာလေးရပ်ကတော့-

(က) **လုံခြုံစိတ်ချရတဲ့ စမ်းသပ်နယ်မြေဖန်တီးခြင်း။** ဌာနရဲ့ Internet နဲ့ မချိတ်ထားတဲ့ AI စမ်းသပ်စနစ်ထဲမှာ ဝန်ထမ်းတွေကို စိတ်ကြိုက်လေ့ကျင့်ခွင့်ပေးခြင်းမျိုးနဲ့ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုရှိသွားအောင် ဖန်တီးပေးခြင်း။

*စာမျက်နှာ ၁၁ သို့*

> ❂ **ယနေ့ခေတ်မှာ စမတ်ဖုန်းဖြင့်ပင် ပါဝါပွိုင့် ဖန်တီးနိုင်တာကြောင့် AI သုတပညာဟာ လက်လှမ်းမီနေပြီဖြစ်ပါတယ်။ AI ကို အသိပညာစီမံခန့်ခွဲမှုကိရိယာနေရာထားပြီး ယင်းမှ တိကျသောသင်ယူမှုနဲ့ စဉ်ဆက်မပြတ်သင်ယူမှုတို့ကို ပြုလုပ်နိုင်ပါတယ်။ သတိပြုရမှာကတော့ AI မှ ထုတ်ပေးလိုက်တဲ့ ရလဒ်တိုင်းကို ပထမဆုံးအကြံပြုချက်အဖြစ်သာ မှတ်ယူရပါမယ်။ ကျန်ရှိတဲ့ တရားဝင်အရင်းအမြစ်တွေနဲ့ မပျက်မကွက် ပြန်လည်တိုက်ဆိုင်စစ်ဆေးရမယ်ဆိုတာကိုတော့ မမေ့သင့်ပါ**

# မဲပေးပိုင်ခွင့်ရှိသူများမကျန်ရှိစေရေးအတွက် မြေပြင်ကွင်းဆင်း၍ မဲစာရင်းတိုက်ဆိုင်စစ်ဆေးနေမှု ကြည့်ရှုစစ်ဆေး

**တောင်ကြီး ဒီဇင်ဘာ ၄**

လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲဖြစ်ရန်နှင့် ပြည်သူများလွတ်လပ်စွာမဲပေးခွင့်ရရှိရေး၊ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေးနှင့် မဲပေးပိုင်ခွင့်ရှိသူများ မကျန်ရှိစေရေးအတွက် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက တောင်ကြီးမြို့၊ ခရိုင်၊ မြို့နယ်စုပေါင်းရုံး၌ တောင်ကြီးမြို့ပေါ်ရှိ ရပ်ကွက်များမှ မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်မှုရှိစေရန်နှင့် မဲပေးပိုင်ခွင့်ရှိသူများ မကျန်ရှိစေရန် တိုက်ဆိုင်စစ်ဆေးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တောင်ကြီးမြို့ ကန်အောက်ရပ်ကွက်တွင် မြေပြင်ကွင်းဆင်း၍ မဲစာရင်းပြည့်စုံမှန်ကန်စေရေးနှင့် မဲပေးပိုင်ခွင့်ရှိသူများ မကျန်ရှိစေရေးအတွက် တာဝန်ရှိသူများက တစ်အိမ်တက်ဆင်း မဲစာရင်းတိုက်ဆိုင်စစ်ဆေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်းနှင့် တာဝန်ရှိသူများသည် တောင်ကြီးမြို့ပေါ်ရှိ ဘုရားဖြူရပ်ကွက်၊ မင်္ဂလာဦးရပ်ကွက်၊ ညောင်ဖြူစခန်းရပ်ကွက်နှင့် ရတနာသီရိရပ်ကွက်ရှိ ဘုန်းတော်ကြီးကျောင်းစုရပ်နေရာတို့တွင် တာဝန်ရှိသူများက မြေပြင်ကွင်းဆင်း၍ မဲစာရင်းမှန်ကန်စေရေးအတွက် မဲစာရင်းများ တိုက်ဆိုင်စစ်ဆေးဆောင်ရွက်နေမှုနှင့် ကန်သာ ရပ်ကွက်တွင် တစ်အိမ်တက်ဆင်း မဲစာရင်းတိုက်ဆိုင်စစ်ဆေးဆောင်ရွက်နေမှုတို့ကို တာဝန်ရှိသူများက သွားရောက်ကြည့်ရှု စစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်စေရေးနှင့် မဲပေးပိုင်ခွင့်ရှိသူ မကျန်ရှိစေရေးအတွက် တစ်အိမ်တက်ဆင်း မြေပြင်ကွင်းဆင်း စာရင်းတိုက်ဆိုင်စစ်ဆေးဆောင်ရွက်မှုကို တောင်ကြီးမြို့ပေါ်တွင် စာရင်းရှိ ၇၅ အုပ်စုတို့တွင် တာဝန်ရှိသူများက မဲစာရင်းမှန်ကန်စေရေးအတွက် စနစ်တကျတိုက်ဆိုင်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**မောင်မောင်သန်း(တောင်ကြီး)**

## စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၁၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

## နှစ်လအတွင်း ၄၄၅ ကျပ်အထိ ကျဆင်းလာ

**နေပြည်တော် ဒီဇင်ဘာ ၄**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းစားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် ကမ္ဘာ့စားအုန်းဆီဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဒီဇင်ဘာ ၅ ရက်မှ ၁၁ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၆၁၄၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

အောက်တိုဘာလ ဒုတိယအပတ်တွင် စားအုန်းဆီ တစ်ပိဿာ အခြေခံလက်ကားရည်ညွှန်းဈေးကို ၆၅၈၅ ကျပ်ဖြင့် သတ်မှတ်ထုတ်ပြန်ခဲ့ရာမှ ယခုအခါ ကမ္ဘာ့စားအုန်းဆီဈေးနှုန်းများ ကျဆင်းလာခြင်းကြောင့် ဒီဇင်ဘာ ဒုတိယအပတ်တွင် ၆၁၄၀ ကျပ်အထိ ဈေးနှုန်းများဆက်တိုက်ကျဆင်းလျက်ရှိရာ နှစ်လအတွင်း တစ်ပိဿာအပေါ် ၄၄၅ ကျပ် ကျဆင်းလာကြောင်း တွေ့ရှိရသည်။

ပြည်တွင်းဈေးကွက်အတွင်း ထုတ်ပြန်ကြေညာထားသည့်ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

(ခ) **AI အသုံးပြုမှုအတွက် ရှင်းလင်းတဲ့လမ်းညွှန်ချက် ချမှတ်ခြင်း။** စာကူးချတာမျိုးနဲ့ ဒေတာကျိုးပေါက်တာမျိုးမဖြစ်အောင် ဘယ်လိုသုံးရမလဲ ဆိုတာမျိုးနဲ့ AI က ထုတ်ပေးတာကို "ပထမမူကြမ်း" အဖြစ်သာ သုံးရမယ်ဆိုတဲ့ သတ်မှတ်ချက်မျိုး။

(ဂ) **ဆက်လက်ပံ့ပိုးကူညီမှုစနစ် တည်ဆောက်ခြင်း**

(၁) **ရွယ်တူချင်းသင်ကြားမှုကို အားပေးခြင်း။** စဉ်ဆက်မပြတ် လက်တွေ့လေ့ကျင့်မှုဖြစ်စေဖို့ AI ကို စောစီးအောင်မြင်စွာအသုံးပြုနေသူ (AI Champions) တွေက အချင်းချင်း ပံ့ပိုးကူညီစေခြင်း။ ဒါရဲ့ အဓိကရည်ရွယ်ချက်ကတော့ AI ကို လက်ခံကျင့်သုံးတဲ့ အပြုအမူဆိုင်ရာအပြောင်းအလဲဟာ မူဝါဒနဲ့ အတင်းအကျပ် ပြောင်းခိုင်းတာမျိုးထက် ရွယ်တူချင်းက စံနမူနာပြပြီး ပြောင်းလဲသွားတဲ့အခါ ပိုမိုမြန်ဆန်ထိရောက်တယ်ဆိုတဲ့အချက်ကို အသုံးချဖို့ပဲဖြစ်ပါတယ်။

(၂) **စီမံခန့်ခွဲမှုအဆင့်က နည်းပြပေးခြင်း။** ဌာနအလိုက်သက်ဆိုင်ရာ ဘာသာရပ်တာဝန်ခံတွေက မိမိဌာနရဲ့ လုပ်ငန်းတာဝန်တွေကို AI အသုံးချပြီး ဆောင်ရွက်ရာမှာ အပြုအမူဆိုင်ရာနဲ့ ထိခိုက်မှုအန္တရာယ်လျှော့ချစေဖို့ နည်းပြပေးရပါမယ်။ ဒီလိုလုပ်ဆောင်ပေးခြင်းဖြင့် ဝန်ထမ်းတွေအကြား မိမိကိုယ်ကို အထင်ကြီးမှုလျှော့ချနိုင်သလို စမ်းသပ်ရဲတဲ့ သတ္တိနဲ့ စိတ်ပိုင်းဆိုင်ရာလုံခြုံမှုရှိတဲ့ ပတ်ဝန်းကျင်ကို ဖြစ်ပေါ်စေပါတယ်။

(၃) **ဦးစီးခေါင်းဆောင်ရဲ့ပံ့ပိုးမှု။** အဖွဲ့အစည်းရဲ့ ဦးစီးခေါင်းဆောင်ကလည်း AI အသုံးချမှုအရေးကြီးပုံကို တရားဝင်အသိအမှတ်ပြုခြင်း၊ မူဝါဒချမှတ်ပေးခြင်းနဲ့ အရင်းအမြစ်ပံ့ပိုးခြင်းတွေ ပြုလုပ်ပေးရမှာဖြစ်ပါတယ်။

(ဃ) **အသိအမှတ်ပြုခြင်းနဲ့ ချီးမြှောက်ခြင်း။** AI ကို ရိုးရိုးသုံးတာထက် AI ရဲ့အကူအညီနဲ့ ရလဒ်ကောင်းဖန်တီးနိုင်သူတွေကို ထုတ်ဖော်ချီးမြှောက်ပေးခြင်းဖြင့် ဝန်ထမ်းတွေ လုပ်ငန်းခွင်အအေးဆိုင်အသုံးချမှု စိတ်ထက်သန်စေရေး မြှင့်တင်ပေးရပါမယ်။

**လုပ်ငန်းခွင်မှာ AI ကို ထိရောက်စွာ အသုံးပြုခြင်းဆိုင်ရာ အဓိကအချက်များ**

လုပ်ငန်းခွင်မှာ AI ကိရိယာတွေကို အောင်မြင်စွာ အသုံးချနိုင်ဖို့အတွက် အောက်ပါရှုမြင်သုံးသပ်ချက်တွေကို အလေးထားသင့်ပါတယ်–

(က) **ဒေတာလုံခြုံရေးနဲ့ သီးသန့်တည်ရှိမှု။** Microsoft Copilot လို လုပ်ငန်းသုံး AI ကိရိယာအများစုဟာ ခိုင်မာတဲ့ဒေတာလုံခြုံရေးစနစ်၊ တရားဝင် သဘောတူစာချုပ်တွေနဲ့ ကိုက်ညီတဲ့ အစီအမံတွေကို ချမှတ်ထားပြီးဖြစ်ပါတယ်။ မိမိထည့်သွင်းလိုက်တဲ့ဒေတာကို စနစ်၏ သင်ယူမှုအတွက် ပြန်လည်အသုံးပြုခြင်းမပြုလုပ်ရန် အကာအကွယ်ပေးထားပြီး မိမိလုပ်ငန်းရဲ့ စနစ်အတွင်းမှာသာ လည်ပတ်သုံးစွဲနေပါတယ်။ ဒါကြောင့် လုပ်ငန်းဆိုင်ရာ အရေးကြီးဒေတာတွေအတွက် တရားဝင်လုပ်ငန်းသုံး AI ဖြေရှင်းချက်တွေကိုသာ အသုံးပြုဖို့ အရေးကြီးပါတယ်။

(ခ) **AI ၏ အခန်းကဏ္ဍကို မှန်ကန်စွာသတ်မှတ်ခြင်း။** AI ကို သာမန် "ဖြတ်၊ ညှပ်၊ ကပ်" လုပ်တဲ့ ကိရိယာတစ်ခုအဖြစ် မရှုမြင်သင့်ဘဲ ပိုမိုထိရောက်သော လုပ်ငန်းစဉ်ကို ရှာဖွေစေတဲ့၊ ဆန်းသစ်တီထွင်မှုကို ထုတ်ဖော်စေတဲ့၊ လူသားရဲ့ဉာဏ်ရည်ကို မြှင့်တင်ပေးတဲ့ အားကောင်းသော အကူအညီတစ်ခုအဖြစ် ရှုမြင်ရပါမယ်။ AI က လုပ်ငန်းတစ်ခုကို အစအဆုံး အပြီးသတ်ပေးနိုင်ခြင်းမရှိသေးပေမယ့် ပိုမိုမြန်ဆန်၊ ပိုမိုသန့်ရှင်းပြီး ပိုမိုစနစ်ကျတဲ့ စာကြမ်း၊ အကြံဉာဏ် သို့မဟုတ် ကနဦးမူကြမ်းတွေကို ဖန်တီးပေးနိုင်ပါတယ်။ AI ကို မိမိအတွက် အလုပ်လုပ်ပေးသူအဖြစ် မဟုတ်ဘဲ မိမိရဲ့လုပ်ဆောင်မှုကို ပိုမိုမြန်ဆန် ထိရောက်စေသောအကူအဖြစ် သတ်မှတ်ခြင်းက လူသားနဲ့ AI ရဲ့ အခန်းကဏ္ဍကို မှန်ကန်စွာ ခွဲခြားပေးနိုင်မှာ ဖြစ်ပါတယ်။

(ဂ) **လူသား၏ စစ်ဆေးမှုနဲ့ ကျွမ်းကျင်မှုပေါင်းစပ်ခြင်း။** AI က ထုတ်ပေးလိုက်တဲ့ရလဒ်က ဖတ်ရလွယ်ကူပြီး ချောမွေ့ပေမယ့် တစ်ကြိမ်တည်းနဲ့ ၁၀၀ ရာခိုင်နှုန်း မှန်ကန်ခြင်း မရှိနိုင်ပါ။ အလုပ်ရလဒ်ရဲ့ အရည်အသွေးအတွက် အရေးကြီးဆုံးအချက်ကတော့ AI ရဲ့ အမြန်နှုန်းကို လူသားရဲ့ ကျွမ်းကျင်မှု၊ တိကျသောစစ်ဆေးမှု၊ ဆုံးဖြတ်ချက်ပေးနိုင်မှုတို့နဲ့ ပေါင်းစပ်နိုင်ခြင်းပင် ဖြစ်ပါတယ်။

**အောင်မြင်မှု ဖော်မြူလာဆိုရာဝယ်**

AI ကို လက်တွေ့လုပ်ငန်းခွင်မှာ အသုံးချမှုလုပ်ငန်းစဉ် အောင်မြင်ဖို့အတွက် အဓိကသော့ချက်ကတော့ **"သုတပညာ + ယုံကြည်စိတ်ချမှု+ ပံ့ပိုးကူညီမှုရှိသော ပတ်ဝန်းကျင် = အပြုအမူပြောင်းလဲမှု"**ဆိုတဲ့ ဖော်မြူလာဖြစ်ပြီး **"စစ်မှန်သော အသွင်ကူးပြောင်းမှုဆိုတာ စိတ်ပိုင်းဆိုင်ရာဘေးကင်းပြီး အထောက်အကူပြုတဲ့စနစ်အတွင်းမှာ သုတပညာကို လက်တွေ့အသုံးချမှသာ ဖြစ်ပေါ်လာနိုင်တယ်"** လို့ အဓိပ္ပာယ်ရပါတယ်။

ယနေ့ခေတ်မှာ စမတ်ဖုန်းဖြင့်ပင် ပါဝါပွိုင့် ဖန်တီးနိုင်တာကြောင့် AI သုတပညာဟာ လက်လှမ်းမီနေပြီဖြစ်ပါတယ်။ AI ကို အသိပညာစီမံခန့်ခွဲမှုကိရိယာနေရာထားပြီး ယင်းမှ တိကျသောသင်ယူမှုနဲ့ စဉ်ဆက်မပြတ်သင်ယူမှုတို့ကို ပြုလုပ်နိုင်ပါတယ်။ သတိပြုရမှာကတော့ AI မှ ထုတ်ပေးလိုက်တဲ့ ရလဒ်တိုင်းကို ပထမဆုံးအကြံပြုချက်အဖြစ်သာ မှတ်ယူရပါမယ်။ ကျန်ရှိတဲ့ တရားဝင်အရင်းအမြစ်တွေနဲ့ မပျက်မကွက် ပြန်လည်တိုက်ဆိုင် စစ်ဆေးရမယ်ဆိုတာကိုတော့ မမေ့သင့်ပါ။

နိဂုံးချုပ်အနေဖြင့် **AI ကို လက်တွေ့လုပ်ငန်းခွင်၌ အောင်မြင်စွာ အသုံးချနိုင်ရန်အတွက် အဖွဲ့အစည်းအလိုက် စမ်းသပ်အကောင်အထည်ဖော်ခြင်းကို စတင်ရန် အချိန်ကျရောက်ပြီ**ဖြစ်ပါတယ်။ AI ကို ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်တစ်ဦးအဖြစ် သတ်မှတ်ကာ 'အဖွဲ့အစည်းရဲ့ အပြုအမူဆိုင်ရာ အတားအဆီးတွေကဘာလဲ'၊ 'AI ကို အသုံးပြုဖို့ ပိုမိုဘေးကင်းပြီး စိတ်အားတက်ကြွစေမယ့်အခြေအနေကို ဘယ်လိုဖန်တီးပေးမလဲ'၊ 'လုံခြုံစိတ်ချရသော စမ်းသပ်မှုတွေကို လုပ်ဆောင်ဖူးပြီလား'၊ 'ရွယ်တူချင်းသင်ကြားမှုကို ဘယ်လိုအကောင်အထည်ဖော်မလဲ'၊ 'သိမှုနဲ့ လုပ်နိုင်စွမ်းအကြား ကွာဟချက်ကို ပေါင်းကူးရန် အသေးဆုံး စမ်းသပ်ပြောင်းလဲမှုက ဘာဖြစ်မလဲ' စတဲ့ မေးခွန်းတွေကို စဉ်းစားဆန်းစစ် အဖြေရှာခြင်းဖြင့် ပြီးပြည့်စုံသောလုပ်ငန်းခွင် AI အသုံးချမှုလုပ်ငန်းစဉ်တစ်ရပ်ကို အနာဂတ်မှာ အကောင်အထည်ပေါ်လာအောင် ဖော်ဆောင်နိုင်မှာဖြစ်ပါကြောင်း ရေးသားလိုက်ရပါတယ်။ ။

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ခန္တီးမြို့ပေါ်ရှိ မဲဆန္ဒရှင်ပြည်သူများ ဒုတိယအကြိမ် မဲစာရင်းကပ်ထားကြေညာထားရှိမှု ကြည့်ရှု



**မုံရွာ ဒီဇင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် လူဝင်မှုကြီးကြပ်ရေးဌာနတို့ ပူးပေါင်း၍ ခန္တီးမြို့ မြို့မရပ်ကွက်၌ ဒုတိယအကြိမ် မဲစာရင်းများကပ်ထားကြေညာထားရှိမှုကို ဒေသခံတိုင်းရင်းသားများနှင့် ပြည်သူများလာရောက်ကြည့်ရှုနေမှုနှင့် မဲစာရင်းပါရှိစေရေး၊ မကျန်ရှိစေရေးနှင့် မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် မြေပြင်ကွင်းဆင်းတိုက်ဆိုင် စစ်ဆေးနေမှုများကို လိုက်လံကြည့်ရှုသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခန္တီးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ပေါမိုင်းရပ်ကွက်ရှိ ဒေသခံတိုင်းရင်းသားများနှင့် ပြည်သူများ MEVM မဲပေးစက် အသုံးပြု၍ ဆန္ဒမဲပေးနိုင်ရန်အတွက် စမ်းသပ်သရုပ်ပြ ဆန္ဒမဲပေးနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ခန္တီးမြို့နယ် သာယာကုန်းကျေးရွာရှိ ခြံပိုင်ရှင် ဦးငြိမ်းအောင်သူ၏ ခြံလျှောင်စနစ်ဖြင့် ကြက်မဲကောင်ရေ ၁၀၀၀ မွေးမြူထားမှု၊ သာစည်ကျေးရွာရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးဘစိန်၏ ဒေသနွားများနှင့် နို့စားနွားများ မွေးမြူထားရှိမှုတို့ကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ခန္တီးမြို့နေပြည်သူများ သောက်သုံးရေဖူလုံပြည့်ဝစေရေးအတွက် ဂါလန် ၁၅၀၀၀၀ ဆံ့၊ ရေကန်သို့ရောက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ခန္တီးမြို့ပေါ်ရှိရပ်ကွက်များသို့ သောက်သုံးရေဖြန့်ဝေပေးနေမှုအခြေအနေများနှင့် စက်ရုံလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ စိမ့်စမ်းရေသိုလှောင်ထားရှိမှုများကို ကြည့်ရှုသည်။

ယင်းနောက် နားမေတ္တာရပ်ကွက်ရှိ မေတ္တာရေကန်ဟောင်း ဆည်ခြင်း၊ ကန်သစ်တူးဖော်ခြင်း၊ မြေသားတာပေါင်တင်ခြင်းနှင့် ရေပိုလွှဲမြှင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဇီးဖြူကုန်းရပ်ကွက်ရှိ ရေဂါလန် ၅၀၀၀၀ ဆံ့ ရေကန် ရေသိုလှောင် ထားရှိမှုများကို လိုက်လံကြည့်ရှုပြီး မြို့နေပြည်သူများအားလုံး ကျန်းမာရေးနှင့် ညီညွတ်သည့် သောက်သုံးရေသန့်များ လုံလောက်စွာရရှိရေးကို တာဝန်ရှိသူများ အားလုံးက စေတနာထားကာ ကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရွှေသွေးဂျာနယ် ထွက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၄**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**၆-၁၂-၂၀၂၅ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၇)၊ အမှတ် (၄၉) တွင်** မိမိတို့ နွမ်းရိပျက်စီးသွားမည့်အစား လူသားတို့အတွက် အာဟာရရှိသော ဟင်းတစ်ခွက်ဖြစ်လိုသော စိတ်ကောင်းစေတနာရှိသည့် အသီးအနှံများအကြောင်းကို သရုပ်ဖော်ထားသည့် “သီးစုံဟင်း” မျက်နှာဖုံးကာတွန်း၊ လမ်းလျှောက်ခြင်းသည် ငွေကုန်ကြေးကျသက်သာရုံသာမက ကျန်းမာရေးအတွက် များစွာ အထောက်အကူဖြစ်စေကြောင်းကို ဗဟုသုတရဖွယ် ရေးသားထားသည့် “လမ်းလျှောက်ခြင်း” သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ပေးပို့သော ပန်းချီလက်ရာများကို ဖော်ပြထားသည့် “ရွှေသွေးတို့လက်ရာ”ကဏ္ဍ၊ ကျောင်း၌ အခြားသူများနှင့် လိုက်လျောညီထွေစွာ မပေါင်းသင်းတတ်၍ သူငယ်ချင်းမရှိသော သားကို မိခင်ဖြစ်သူက သူငယ်ချင်းများ၏ တန်ဖိုးရှိပုံအကြောင်းကို ပြောဆိုဆုံးမထားသည်ကို သရုပ်ဖော်ထားသည့် “သူငယ်ချင်း အလိုရှိသည်” နှစ်မျက်နှာကာတွန်း၊ လိမ္မာယဉ်ကျေးပြီး ဖခင်၏ဆုံးမစကားအတိုင်း အလုပ်ကို ရိုးရိုးသားသား ကြိုးကြိုးစားစားလုပ်ကိုင်ခဲ့သော မောင်မြင့်အကြောင်းကို ရေးသားထားသည့် “အလုပ်ကြိုးစားတဲ့ သူဌေးသား” ပုံပြင်ကဏ္ဍ၊ မိခင်၏ မေတ္တာစေတနာကို နားလည်သွားခဲ့သော ကျောင်းသားလေးအကြောင်းကို ရေးသားထားသည့် “အစွန်းအထင်း ကင်းသည်” ဝတ္ထုကဏ္ဍ၊ သူတစ်ပါးကို မြွေရုပ်နှင့် ခြောက်လှန့်တတ်သောကြောင့် ရေခဲမုန့်နှင့် လွဲခဲ့ရသော ချက်စူ အကြောင်းကို သရုပ်ဖော်ထားသည့် “ချက်စူပါဝင်သော မစားရထိုက်သူ” နှစ်မျက်နှာကာတွန်း၊ မိမိထင်မြင်ယူဆသည့်အတိုင်း တွေးတောပူပန်တတ်သော ဖြိုးရဲအကြောင်းကို သရုပ်ဖော်ထားသည့် “ဖြိုးရဲ - အာနိုးနဲ့ ဝတုတ်” နှစ်မျက်နှာကာတွန်း၊ အီဒီယမ်များအပါအဝင် Two-word Verb ဟုခေါ်သော Phrasal Verb များ၏ အသုံးများနှင့် ပတ်သက်သည့် အင်္ဂလိပ်စကားပြောများကို လေ့လာမှတ်သားနိုင်မည့် “အခြေခံလိုအပ်သည့် အီဒီယမ်” အင်္ဂလိပ်စာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌာနချုပ်ရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ကျောင်းပြင်ပ ပညာရေးသင်ယူနေကြသည့် ကျောင်းသား ကျောင်းသူများ ကြည့်ရှုအားပေး

**ထားဝယ် ဒီဇင်ဘာ ၄**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံမှုဖြင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကာယ၊ ဉာဏ စွမ်းရည်ပြိုင်ပွဲနှင့် ကျောင်းပြင်ပ ပညာရေးသင်ယူနေကြသည့် ကျောင်းသား ကျောင်းသူများ၊ ကြီးကြပ်သူများ၊ မိဘ၊ ဆရာ၊ ကျောင်းသားများ တွေ့ဆုံပွဲ ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးသက်နိုင်၊ တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးဝင်းနောင်၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ယဉ်ယဉ်နုတို့က ကျောင်းသား ကျောင်းသူများ ကာယ၊ ဉာဏစွမ်းရည်



ပြိုင်ပွဲနှင့် ကျောင်းပြင်ပ ပညာရေးသင်ယူနေကြသည့် ကျောင်းသား ကျောင်းသူများ၊ ကြီးကြပ်သူများ၊ မိဘ၊ ဆရာ၊ ကျောင်းသားများ တွေ့ဆုံပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဘင်ခရာအဖွဲ့နှင့် ကျောင်းပေါင်းစုံမှ ပန်းဖွားအဖွဲ့များကို ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ အင်္ဂလိပ်နှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကာယလေ့ကျင့်ခန်းအတွဲ (၁)(၂) ပြိုင်ပွဲ၊ ခွက်နင်းပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ မြန်မာစကားပုံဆက်ပြိုင်ပွဲ၊ သတ်ပုံအမှန်ရွေးပြိုင်ပွဲ၊ ဉာဏ်စမ်းပြိုင်ပွဲနှင့် အားကစားအနေဖြင့် ခါးကွင်းလှည့်၊ ဆန်ကောရွက်၊ အာလူးကောက်ကစားနည်းများကို လှည့်လည်ကြည့်ရှုအားပေးကာ ပါဝင်ယှဉ်ပြိုင်နေသော ကျောင်းပြင်ပ ပညာရေး ကျောင်းသား ကျောင်းသူများကို ရင်းနှီးနွေးထွေးစွာ လိုက်လံနှုတ်ဆက်သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ၂၀၂၅ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၄**

ရန်ကုန်ပညာရေး တက္ကသိုလ်၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနနှင့် AHF(Myanmar)အဖွဲ့တို့ ပူးပေါင်း၍ ၂၀၂၅ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်ပညာရေးတက္ကသိုလ် Learning Hub ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနန္ဒဝင်းနှင့်အဖွဲ့ဝင်များ၊ AHF(Myanmar)မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်ပညာရေး တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်များ၊ စီမံရေးရာ၊ ဘဏ္ဍာရေးရာ၊ သင်တန်းရေးရာ၊ စာပေးစာယူဌာနတို့မှ ဌာနမှူးများ၊ ပါမောက္ခ (ဌာနမှူး)များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနက "ကျန်းမာသောလက်" သီချင်းဖြင့် သီဆိုဖျော်ဖြေ၍ အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး ရန်ကုန်ပညာရေး တက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာ ကေသွယ်လှိုင်က အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ရန်ကုန် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့မှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာဥက္ကါဖြိုးက "ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့"နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ "Beyond the Happiness" (ပျော်ရွှင်ခြင်း၏ နောက်ကွယ်) ပညာပေးပြဇာတ်ဖြင့် တင်ဆက်အသိပညာပေးပြီး "HIV/AIDS ဆိုင်ရာ အထွေထွေဗဟုသုတနှင့် ဉာဏ်စမ်းမေးခွန်းပြိုင်ပွဲ" ပြုလုပ်၍ ကျောင်းသား ကျောင်းသူများကို ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## အဖေ့ဆီကအိပ်မက်များ ဘာသာပြန်စာအုပ်မိတ်ဆက်ပွဲနှင့်စာအုပ်လှူဒါန်းပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၄**

စာရေးဆရာရွှေအိုလတ် ဘာသာပြန်ဆိုရေးသားသည့် သမ္မတအိုဘားမား၏ ပထမဆုံးစာအုပ်ဖြစ်သည့် အဖေ့ဆီက အိပ်မက်များ (Dreams from My Father By Barack Obama) စာအုပ်မိတ်ဆက်ပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ရှိ Central Hotel ၌ ကျင်းပသည်။




ဦးစွာ ဆရာရွှေအိုလတ်က စာအုပ်တွင်ပါဝင်သည့် အကြောင်းအရာများ၊ ဘာသာပြန်ဆိုရခြင်း ရည်ရွယ်ချက်နှင့် စာအုပ်မိတ်ဆက်ပွဲအခမ်းအနား ကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အမေရိကန်သံရုံးမှဧည့်သည်တော် H.E. Madam Susan နှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ ဆရာ မြင်းမူမောင်နိုင်မိုးတို့က ဂုဏ်ပြုအမှာစကားများ ပြောကြားကြသည်။

ထို့နောက် စာရေးဆရာ ရွှေအိုလတ်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်များသို့ အဖေ့ဆီက အိပ်မက်များ စာအုပ် ၁၅၀ လှူဒါန်းရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ထုတ်လုပ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်ဖြူဖြူရည်က လက်ခံရယူပြီး **(အပေါ်ပုံ)** ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်သည်။

စာအုပ်တွင် အမေရိကန်ပြည်ထောင်စု၏ပထမဆုံးလူမည်း သမ္မတဘားရက် ဟူစိန်အိုဘားမား၏ ငယ်ဘဝ၊ လူငယ်ကျောင်းသားဘဝ၊ လွှတ်တော်နိုင်ငံရေးဝင်ရောက်ခဲ့ပုံများ၊ နိုင်ငံရေးခရီးလမ်းအတွေ့အကြုံများကို အခန်းပေါင်း ၁၉ ခန်းဖြင့် စိတ်ဝင်စားဖွယ် ရေးဖွဲ့ထားသည်။

အခမ်းအနားသို့သံရုံးအသီးသီးမှ သံအမတ်ကြီးများ၊ သံမှူးများ၊ စစ်သံမှူးများ၊ စာရေးဆရာကြီးများ၊ စာပေချစ်ပရိသတ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်တင့်ထွန်း(ပြန်/ဆက်)**

## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ မဲဆန္ဒရှင်စာရင်း မှန်ကန်မှုရှိစေရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးရန်



သတ်မှတ်ချက်နှင့်ကိုက်ညီသည့် မဲဆန္ဒရှင်ပြည်သူများ မဲစာရင်းတွင် ပါဝင်နိုင်စေရေး၊ အချက်အလက်များ ပြည့်စုံမှန်ကန်စေရေးတို့အတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးလျက်ရှိရာ ယမန်နေ့က ရပ်ကွက်များအတွင်း တစ်အိမ်တက်ဆင်း လိုက်လံကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်နေမှုများကို ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစန်းလွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဝဏ္ဏနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုပြီး လိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။ **သန်းသန်းအေး(ဒဂုံတောင်)**

တံတားဦးမြို့နယ် မြို့မဈေး၌ မီးလောင်မှု၊ မီးလန့်မှုမဖြစ်ပွားစေရေးအတွက် ဒီဇင်ဘာ ၃ ရက်က တံတားဦးမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်သူအောင်နှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်မင်းမင်းထွန်းနှင့် မြို့နယ်လျှပ်စစ်ဝန်ထမ်းများ ပူးပေါင်းပြီး ဈေးသူဈေးသားများအား အသိပညာပေးဟောပြောကာ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးစဉ်။ မြို့နယ်(ပြန်/ဆက်)





## အိမ်မဲ၌ ကျေးလက်လမ်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**အိမ်မဲ ဒီဇင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကွဲလမ်း-ကမ်းနားထိန်ငူလမ်း ကွန်ကရစ်ခင်းခြင်း(၀/၂.၂)မိုင် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာ ၂ ရက်က သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှအင်ဂျင်နီယာချုပ် ဦးကျော်ကျော်ထွေးက ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

အဆိုပါလမ်းများဆောင်ရွက်ပြီးစီးပါက ကျေးရွာ ၅၆ ရွာ၊ အိမ်ခြေ ၅,၂၃ အိမ်နှင့် လူဦးရေ ၆၀၈၅ ဦးတို့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာမည်ဖြစ်ပြီး ကျေးရွာနေပြည်သူတို့၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ကုန်စည်ပို့ဆောင်ရေးတို့ အဆင်ပြေချောမွေ့မည်ဖြစ်သည်။

**အိမ်မဲ(ပြန်/ဆက်)**

## တင်းမာမှုပြေလျှော့ရန် အစ္စရေးက လက်ဘနွန်သို့ အဆင့်မြင့်အရာရှိတစ်ဦး စေလွှတ်

ဂျေရုဆလင် ဒီဇင်ဘာ ၄

အစ္စရေးသည် ပြီးခဲ့သည့်နှစ်က ရရှိခဲ့သော နှစ်နိုင်ငံကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အရ ဟစ်ဇ်ဘိုလာအဖွဲ့၏ အခြေစိုက်နေရာဖြစ်သည့် လက်ဘနွန်နိုင်ငံသို့ အဆင့်မြင့်အရာရှိတစ်ဦး စေလွှတ်ခဲ့သည်။

အစ္စရေးသည် ရီးယားမွတ်ဆလင်အုပ်စုကို တိုက်ခိုက်နေချိန်တွင် ယခုလို စေလွှတ်ခဲ့ခြင်းဖြစ်သည်။ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ဆက်လက်ထိန်းသိမ်းထားရန် အမေရိကန်၏ ဖိအားပေးမှု မြင့်တက်လာခြင်းကို တုံ့ပြန်သည့်အနေဖြင့် ယခုကဲ့သို့ လုပ်ဆောင်ခဲ့ခြင်း ဖြစ်ကြောင်း အစ္စရေးမီဒီယာများက ဖော်ပြခဲ့သည်။

အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့ကြား တိုက်ပွဲများသည် ၂၀၂၃ ခုနှစ်ကတည်းက ဆက်လက်ဖြစ်ပွားနေခဲ့သည်။ အမေရိကန်ပြည်ထောင်စုက ကြားဝင်စေ့စပ်ညှိနှိုင်းပေးခဲ့သည့် ပစ်ခတ်ရပ်စဲရေး သဘောတူညီချက်သည် လွန်ခဲ့သောနှစ် နိုဝင်ဘာလတွင် အသက်ဝင်ခဲ့သည်။

ဟစ်ဇ်ဘိုလာအုပ်စုသည် စစ်ရေးလှုပ်ရှားမှုများ ဆက်လက်လုပ်ဆောင်နေသည်ဟု အစ္စရေးက အခိုင်အမာပြောကြားပြီး လက်ဘနွန်နိုင်ငံတစ်ဝန်းရှိ ဟစ်ဇ်ဘိုလာတို့ကို လေကြောင်းတိုက်ခိုက်မှုများ မပြတ်လုပ်ဆောင်ခဲ့သည်။

ယခုကဲ့သို့ အခြေအနေများ ဖြစ်ပေါ်နေချိန်တွင် အဆင့်မြင့် အစ္စရေးအရာရှိတစ်ဦးနှင့် လက်ဘနွန်နိုင်ငံမှ ကိုယ်စားလှယ်တစ်ဦးတို့ လက်ဘနွန်တောင်ပိုင်း၌ တွေ့ဆုံခဲ့ကြသည်ဟု ဘေရွတ်အခြေစိုက် အမေရိကန်သံရုံးက ဒီဇင်ဘာ ၃ ရက်တွင် ကြေညာခဲ့သည်။ ယင်းနှစ်နိုင်ငံအကြားတွင် သံတမန်ဆက်ဆံရေး မရှိသေးကြောင်း သိရသည်။




ထိုသို့ စေလွှတ်မှုသည် အစ္စရေးနှင့် လက်ဘနွန်နိုင်ငံတို့ကြား ဆက်ဆံရေးနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အတွက် အခြေခံအုတ်မြစ်တစ်ခု ထူထောင်ရန် ကနဦး ကြိုးပမ်းမှုတစ်ခုဖြစ်သည်ဟု အစ္စရေးဝန်ကြီးချုပ်ရုံးက ဒီဇင်ဘာ ၃ ရက်တွင် ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ



## ခန့်မေဂီမုန်တိုင်းအလွန် ပြန်လည်ထူထောင်မှုများ ဖိလစ်ပိုင်လုပ်ဆောင်

မနီလာ ဒီဇင်ဘာ ၄

လူ ၂၅၀ ကျော် သေဆုံးစေခဲ့သည့် တိုင်ဖွန်းမုန်တိုင်း ခန့်မေဂီဖိလစ်ပိုင်နိုင်ငံသို့ ဝင်ရောက်ခဲ့သည်မှာ ဒီဇင်ဘာ ၄ ရက်တွင် တစ်လပြည့်ပြီဖြစ်သည်။ မုန်တိုင်းပြန်လည်ထူထောင်ရေး လုပ်ငန်းများသည် အချိန်ယူလုပ်ဆောင်ရသည့် လုပ်ငန်းစဉ်များဖြစ်ကြောင်း အာဏာပိုင်များက ပြောသည်။

တိုင်ဖွန်း ခန့်မေဂီသည် ဖိလစ်ပိုင်နိုင်ငံသို့ နိုဝင်ဘာ ၄ ရက်က ဝင်ရောက်ခဲ့သည်။ မုန်တိုင်းကြောင့် လူပေါင်း ၂၅၃ ဦး သေဆုံးခဲ့ပြီး ၁၁၉ ဦး ပျောက်ဆုံးလျက်ရှိကာ ၂၆၀၀၀၀ ကျော် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ခဲ့ရသည်။

စီဘူးပြည်နယ်၌ လူ ၁၈၀၀၀၀ ကျော် သဘာဝဘေးကယ်ဆယ်ရေးစခန်းများနှင့် ဘေးကင်းလုံခြုံရာ နေရာများတွင် နေထိုင်ကြရသည်။

ဂျပန်အင်န်ပီအိုအဖွဲ့ခေါင်းဆောင် အူချီရာမာ ဂျွန်ကိုက မုန်တိုင်းဒဏ်ခံမိသားစုများ၏ ကလေးငယ်များအတွက် ပညာရေးထောက်ပံ့မှုများ လုပ်ဆောင်ပေးခဲ့သည်။ လိုအပ်သောထောက်ပံ့မှုများ လုပ်ဆောင်နိုင်ရန် သဘာဝဘေးကယ်ဆယ်ရေးစခန်းများသို့ ဂျွန်ကို ကိုယ်တိုင်သွားရောက်ခဲ့သည်။

သဘာဝဘေးကြောင့် ခိုလှုံရေးစခန်းများတွင် ရောက်နေသူများသည် ခက်ခဲကြမ်းတမ်းသော အခြေအနေများနှင့် ရင်ဆိုင်နေရကြောင်း ၎င်းက ပြောသည်။

စက်တင်ဘာနှောင်းပိုင်းတွင် အင်အား ၆ ဒသမ ၉ မဂ္ဂနီကျူးအဆင့်ရှိ ငလျင်တစ်ခု စီဘူးပြည်နယ်တွင် လှုပ်ခတ်ခဲ့သည့်အတွက် ၇၉ ဦး သေဆုံးခဲ့ပြီး အဆောက်အအုံများနှင့် လမ်းများပြင်းထန်စွာ ထိခိုက်ပျက်စီးခဲ့သည်။

စီဘူးပြည်နယ် အရပ်ဘက်ကာကွယ်ရေးတာဝန်ရှိသူတစ်ဦးက ငလျင်လုံးဝမလှုပ်တော့သည့်အချိန်တွင် ဒေသခံပြည်သူများသည် ၎င်းတို့၏ အခြေခံအဆောက်အအုံများကို ပြန်လည်ဆောက်လုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ သို့သော် ယခုအချိန်အထိ နောက်ဆက်တွဲ ငလျင်ငယ်များ လှုပ်ခတ်လျက်ရှိသေးကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

## မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ထိုင်း၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် စီးပွားရေးဆုံးရှုံးမှုများနှင့် ကြုံတွေ့နေရ

ဗန်ကောက် ဒီဇင်ဘာ ၄

ယခုနှစ်အတွင်း မိုးအဆက်မပြတ် ရွာသွန်းမှုများကြောင့် ရေကြီးမှုများဖြစ်ပေါ်ကာ အာရှနိုင်ငံအချို့တွင် စီးပွားရေးအရ ဆုံးရှုံးမှုကြီးများ ဖြစ်ပေါ်ခဲ့ရသည်။ နိုဝင်ဘာလအတွင်းမှစတင်၍ ထိုင်းနိုင်ငံတောင်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် လူနေအိမ်များနှင့် စီးပွားရေးအဆောက်အအုံများ မျောပါသွားခဲ့ရသည်။

မိုးရွာသွန်းမှုကြောင့် တာယာနှင့် အခြားထွက်ကုန်များအတွက် သဘာဝရော်ဘာကိုထုတ်လုပ်ပေးသည့် ရော်ဘာစိုက်ပျိုးရေးဧရိယာများတွင် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့ရသည်။ အဆိုပါသဘာဝဘေးအန္တရာယ်ကြောင့် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၇ ဘီလီယံခန့် ပျက်စီးဆုံးရှုံးခဲ့သည်ဟု ထိုင်းအစိုးရက ပြောသည်။

အင်ဒိုနီးရှားနိုင်ငံ၌လည်း မိုးရွာသွန်းမှုကြောင့် လူနေအိမ်များသာမက လမ်းတံတားများ၊ အခြားသော အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ရသည်။ စိုက်ပျိုးမြေဧရိယာများလည်း ရေနစ်မြုပ်ခဲ့ရသည်။ အင်ဒိုနီးရှားနိုင်ငံ၌ စီးပွားရေးအရဆုံးရှုံးမှုသည် အမေရိကန်ဒေါ်လာ ၄ ဘီလီယံ ကျော်ခန့်ရှိသည်ဟု အင်ဒိုနီးရှားစီးပွားရေးနှင့် ဥပဒေလေ့လာရေးစင်တာက ခန့်မှန်းထားသည်။

ဗီယက်နမ်နိုင်ငံသည်လည်း ယခုနှစ်အတွင်း တိုင်ဖွန်းမုန်တိုင်းများနှင့် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် သဘာဝဘေးအန္တရာယ်များနှင့် မကြာခဏဆိုသလို ကြုံတွေ့ခဲ့ရသည်။ ဗီယက်နမ်နိုင်ငံ၌ အဆိုပါသဘာဝဘေးအန္တရာယ်များကြောင့် စီးပွားရေးအရ အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၆ ဘီလီယံ ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည်ဟု ဗီယက်နမ်သတင်းအေဂျင်စီက ဒီဇင်ဘာ ၄ ရက်တွင် ဖော်ပြခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၂၅ ခုနှစ် ၁၁ လအတွင်း မုန်တိုင်းနှင့် အပူပိုင်းမုန်တိုင်းငယ်ပေါင်း ၂၂ ခု တွေ့ကြုံခဲ့ရသည်ဟု စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင် ဝန်ကြီးဌာနက ပြောသည်။

အင်န်အိတ်ချ်ကေ၊ ဆင်ဟွာ



ဗီယက်နမ်နိုင်ငံ၌ မိုးရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်ပေါ်ကာ ပျက်စီးနေမှုများကို တွေ့ရစဉ်။

## ကျော်ဒန်ဆေးရုံများ၌ ဆေးကုသမှုခံယူပြီးနောက် ဂါဇာဒေသမှ ကလေး ၁၄၀ နေရပ်ပြန်

အမ္မန် ဒီဇင်ဘာ ၄

ကျော်ဒန်ဆေးရုံများ၌ ကုသမှုခံယူပြီးသွားသည့် ကလေး ၁၄၀ နှင့် ၎င်းတို့၏ မိသားစုဝင်များကို ကျော်ဒန်နိုင်ငံမှ ဂါဇာကမ်းမြောင်ဒေသသို့ ဒီဇင်ဘာ ၃ ရက်တွင် ဟူစိန်ဘုရင် တံတားမှတစ်ဆင့် ပြန်လည် ပို့ဆောင်ပေးခဲ့သည်ဟု သိရသည်။

ကလေးများသည် ကုသမှုအဆင့်များပြီးစီးသွားပြီး ကျော်ဒန်နိုင်ငံ၌ နေထိုင်စဉ်အတွင်း ပြုစုစောင့်ရှောက်မှု အပြည့်အဝရရှိခဲ့သည်ဟု ဆေးဘက်ဆိုင်ရာ အစီရင်ခံစာများအရ သိရသည်။ ၎င်းတို့၏ဆွေမျိုးများကိုလည်း နေရာထိုင်ခင်း ပံ့ပိုးကူညီမှုများ ပြုလုပ်ခဲ့သည်ဟု ဖော်ပြထားသည်။

အဆိုပါ ကလေးများကို ၂၀၂၅ ခုနှစ်အစောပိုင်းက ကျော်ဒန်နိုင်ငံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကျန်းမာရေးလမ်းကြောင်း အစီအစဉ်အောက်တွင် ကယ်ဆယ် ကုသမှုပေးခဲ့ခြင်းဖြစ်ပြီး ဂါဇာဒေသမှ ဖျားနာနေသည့် ကလေးငယ်များကို ဂါဇာဒေသမှ ကျော်ဒန်သို့ ကုသမှုခံယူရန် ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ အစီအစဉ်အောက်တွင် ကုသမှုခံယူပြီးသည့် ကလေးငယ်များကို ပြန်လည်ပို့ဆောင်ပြီး နောက်ထပ်လူနာသစ်များ လက်ခံသွားမည်ဖြစ်သည်။ မတ်လအစောပိုင်း ဆေးဘက်ဆိုင်ရာကယ်ဆယ်ရေးအစီအစဉ်များ စတင်သည့် အချိန်မှစကာ ရာနှင့်ချီသည့် ဂါဇာကလေးငယ်များ ကျော်ဒန်နိုင်ငံတွင် ဆက်လက်ကျန်ရှိနေဆဲဖြစ်သည်။

ဆင်ဟွာ

## မွန်ဂိုလီးယားနိုင်ငံ၌ ယခုနှစ်အတွင်း နိုင်ငံခြားခရီးသွား လာရောက်လည်ပတ်မှု များပြား

အူလန်ဘာတာ ဒီဇင်ဘာ ၄

မွန်ဂိုလီးယားနိုင်ငံသည် ယခုနှစ် နှစ်စမှစကာ နိုင်ငံတကာခရီးသွား စုစုပေါင်း ၈၁၀၃၇၉ ဦးဖြင့် လာရောက်လည်ပတ်သူအရေအတွက် အများအပြားရှိကြောင်း မွန်ဂိုလီးယား ခရီးသွားလုပ်ငန်းအဖွဲ့၏ ဒီဇင်ဘာ ၄ ရက်က တရားဝင် ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

အဆိုပါ ကာလအတွင်း တရုတ်နိုင်ငံသည် မွန်ဂိုလီးယားနိုင်ငံသို့ နိုင်ငံတကာခရီးသွား လာရောက်လည်ပတ်မှု အများဆုံးဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မွန်ဂိုလီးယားနိုင်ငံ၏ စီးပွားရေးမှာ သတ္တုအရင်းအမြစ်များ တင်ပို့မှုအပေါ် အများဆုံးမှီခိုနေရကြောင်း သိရသည်။

မွန်ဂိုလီးယား အစိုးရသည် ၂၀၂၈ တိုင်အောင် နိုင်ငံအတွင်း လေးရာသီခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးမြှင့်တင်ရန် "Years to Visit Mongolia" ခရီးသွားလုပ်ငန်းအစီအစဉ်ကို ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်ထားကြောင်း နိုင်ငံ၏ယဉ်ကျေးမှု၊ အားကစား၊ ခရီးသွားလာရေးနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ သိရသည်။

မွန်ဂိုလီးယားနိုင်ငံသည် "Go Mongolia" တရားဝင်ဆောင်ပုဒ်အရ ခရီးသွားကဏ္ဍကို ပံ့ပိုးကူညီရန် ၎င်း၏မူဝါဒတစ်စိတ်တစ်ပိုင်းအဖြစ် ၂၀၂၈ ခုနှစ်တွင် နိုင်ငံခြားခရီးသွား စုစုပေါင်း နှစ်သန်း လာရောက်လည်ပတ်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

ဆင်ဟွာ

# ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

**ဘားအံ ဒီဇင်ဘာ ၄**

ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် အခြေခံပညာဦးစီးဌာနနှင့်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့ နံနက် ၈ နာရီက ဘားအံမြို့နယ် လှာကာအခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်တွင် ထည့်သွင်းကျင်းပသော စကားပုံဆက်ပြိုင်ပွဲ၊ ရုပ်ပုံဆက်ပြိုင်ပွဲ၊ ကရင်တိုင်းရင်းသားစာပေဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ပုဂ္ဂလိက စာအုပ်အရောင်းဆိုင်များနှင့် ချိတ်ဆက်၍ သုတ၊ ရသ၊ ကာတွန်း၊ ပုံပြင်၊ ဝတ္ထု၊ မဂ္ဂဇင်း၊ ရုပ်ပြအမျိုးမျိုး စာအုပ်ဈေးရောင်းပွဲတွင် ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်စွာစာအုပ်စာပေဝယ်ယူလေ့လာဖတ်ရှုနေမှု၊ လူငယ်စာဖတ်ဝိုင်း၊ အလယ်တန်းအဆင့်ပုံပြင်ပြောပြိုင်ပွဲ၊ လှပသာယာပြည်မြန်မာရောင်စုံဓာတ်ပုံပြပွဲ၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်တို့မှ စာဖတ်ရှိန်မြှင့်တင်ရေးအထောက်အကူပြုပြခန်း၊ အခြေခံပညာဦးစီးဌာန၏ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြခန်း၊ ဉာဏ်စမ်းပဟေဠိ(Kahoot Quiz) ပြိုင်ပွဲ၊ အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ မူလတန်းအဆင့်ကဗျာရွတ်ပြိုင်ပွဲ၊ အလယ်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲတို့ကို



လှည့်လည်ကြည့်ရှုအားပေးပြီး အဆိုပါ ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးရေးအတွက် ငွေကျပ် ၁၀ သိန်း ကို စာကြည့်တိုက်တာဝန်ခံထံ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ဟိုပုံးမြို့နယ်၌ မဲစာရင်းများပြည့်စုံမှန်ကန်စေရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်

**ဟိုပုံး ဒီဇင်ဘာ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်အမည်စာရင်းများ ဒုတိယအကြိမ်ကပ်ထားကြေညာပေးလျက်ရှိရာ ပြည်သူများ လာရောက်ကြည့်ရှုမှုအပြင် မဲစာရင်းများ ပါ၊ မပါ သိရှိနိုင်ရန် တာဝန်ရှိသူများက တစ်အိမ်တက်ဆင်း စနစ်ဖြင့် မဲစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ဦးစွာ ဟိုပုံးတပ်နယ်မှူး ဗိုလ်မှူးချုပ် သန့်ထင်စိုး၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ အတွင်းရေးမှူး ဦးမျိုးအောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူးဖြိုးနိုင်ဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနန်းကိုဦး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဦးအောင်ကျော်သူတို့က တောင်ရပ်ကွက်




နယ်မြေ(၆)၊ ပေါင်လင်းကျေးရွာအုပ်စု၊ လွယ်တန့်ကျေးရွာ၊ နမ့်ခုတ်ကျေးရွာတို့၌ တာဝန်ရှိသူများက မဲစာရင်းများ မြေပြင် ကွင်းဆင်း တိုက်ဆိုင်စစ်ဆေးနေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

## မြို့သစ်မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**မြို့သစ် ဒီဇင်ဘာ ၄**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ပန်းခင်း



စီမံချက်အဆင့် (၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် Biometric ကောက်ယူခြင်းလုပ်ငန်းကို ယမန်နေ့က မြေပြင်သာကျေးရွာအုပ်စု မြေပြင်သာကျေးရွာ နယ်မြေခံတပ်သို့ သွားရောက်၍ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးစောနိုင်၊ မြို့သစ်မြို့နယ် နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးသိန်းလွင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းထက်နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးကာ တာဝန်ရှိသူများက စစ်သည်၊ ရဲမေနှင့် မိသားစုဝင်များအား အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ချမ်းမြသာစည်မြို့နယ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်များကို နေ့ချင်းပြီး ဆက်လက်ဆောင်ရွက်

**မန္တလေး ဒီဇင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ပြည်သူများ ဆန္ဒမဲပေးခွင့်မဆုံးရှုံးစေရေးအတွက် ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များအား ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ချမ်းမြသာစည်မြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဆောင်၍ ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းတွင် အောင်ပင်လယ်ရပ်ကွက်ရုံး၌ နေ့ချင်းပြီး



ဆောင်ရွက်ပေးသည်။

အဆိုပါကွင်းဆင်းဆောင်ရွက်ခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ချမ်းမြသာစည် မြို့နယ်ဦးစီးမှူး ဦးရဲမင်းထွန်းနှင့် ဝန်ထမ်းများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ပြည်သူများအား နိုင်ငံသား စိစစ်ရေးကတ်များ ဆောင်ရွက်ပေးလျက် ရှိပြီး ပြည်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြသည်။

**အလင်းသစ် (ပြန်/ဆက်)**

## ကလောမြို့နှင့် မြစ်ကြီးနားမြို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ အမှတ်(၅)ရပ်ကွက် မြို့မပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၇၂ ပါးနှင့် ဒေသခံပြည်သူ ၁၆၄ ဦးတို့အား သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ နှလုံးရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ ဖျားနာရောဂါ၊ ခွဲစိတ်ရောဂါ၊ ကလေးရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ အာထရာဆောင်းစက်ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးနှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ပဋ္ဌိပတ္တိမာမကကျောင်းတိုက်အတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်အပါး ၃၀ တို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်း ရောဂါ၊ အထွေထွေရောဂါနှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးခြင်းနှင့် ဆေးရုံတက်ရောက် ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ကန်ကြီးထောင့်မြို့နယ်၌ ဒီဇင်ဘာ ၁ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်စိုးနှင့် တပ်ဖွဲ့ဝင်များ စာသင်ကျောင်းအခြေပြု မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်စဉ်။ ကန်ကြီးထောင့် (ပြန်/ဆက်)

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**




❖ *ကျောဖုံးမှ*

ထို့ပြင် ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ရရှိမှုအပေါ် မူတည်၍ Ron 72 နှင့် Ron 77 ဓာတ်ဆီများကိုလည်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။ ယခုအခါ ရေနံစိမ်းကုန်ကြမ်းဈေးနှုန်းများ ကျဆင်းလာသည့်အတွက် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ယနေ့မှစတင်၍ ပြည်တွင်းထုတ်ဓာတ်ဆီအမျိုးမျိုးအား ယခင်ရောင်းချနေသည့် ဈေးနှုန်းများထက် တစ်လီတာလျှင် ၂၀၀ ကျပ်အထိ လျှော့ချ၍ ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍လည်း ဌာနအနေဖြင့် အဆင့်မြင့် Ron ဓာတ်ဆီများ ကိုယ်တိုင်ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင် လယ်ဝေးမြို့၌ ရွေးကောက်ပွဲတွင် အသုံးပြုမည့် မဲပေးစက်များ တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုအားပေး

**နေပြည်တော် ဒီဇင်ဘာ ၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်သည် ဒီဇင်ဘာ ၃ ရက်က လယ်ဝေးမြို့နယ် အားကစားလေ့ကျင့်ရေးစခန်း အမှတ်(၂)၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် မဲပေးစက်များအား တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်သည် နည်းပညာအထောက်အကူပြုအဖွဲ့ဝင်များက မဲပေးစက်များ တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် စက်ပစ္စည်း တပ်ဆင်ခြင်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင်အသုံးပြုမည့် မဲပေးစက်များနှင့် ဆက်စပ်ပစ္စည်းများရောက်ရှိထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ အဆိုပါလုပ်ငန်းတွင် လယ်ဝေးခရိုင်နှင့် ပျဉ်းမနားခရိုင်တို့မှ နည်းပညာအထောက်အကူပြုအဖွဲ့ဝင် ၆၀ က မဲပေးစက် တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်( ပြန်/ဆက်)**





## ကျွန်းလှမြို့နယ်၌ မဲစာရင်း တိုက်ဆိုင်စစ်ဆေးခြင်း ကွင်းဆင်းဆောင်ရွက်

**ကျွန်းလှ ဒီဇင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊ နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့် အခွင့်အရေးပြည့်ဝစွာရရှိစေရန် ယမန်နေ့က မဲစာရင်းများ အိမ်တိုင်ရာရောက် မြေပြင်တိုက်ဆိုင်စစ်ဆေးခြင်းများ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျွန်းလှမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘုန်းမြင့်နိုင်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ၊ တာဝန်ရှိသူများက မဲစာရင်းတွင် ပါဝင်မှု ရှိ မရှိနှင့် မှန်ကန်မှု ရှိ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

❍ *ကျောဖုံးမှ*

လေးထပ် အဆောက်အအုံ တစ်လုံး၊ စုစုပေါင်း တရားမဝင် အဆောက်အအုံလေးလုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် အပိုင်း(၃) နယ်မြေအတွင်းရှိအဆောက်အအုံ ၄၂၅ လုံးအနက် ယနေ့အထိ ၁၄၉ လုံး ဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၂၉၇ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် ကရင်ပြည်နယ်၊ မြဝတီမြို့-ရွှေကုက္ကိုလ်နယ်မြေမှ အွန်လိုင်း လောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၇၈ ဦးကိုလည်း ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်း ပေးအပ်သည်။

အွန်လိုင်း လောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသူများအား အင်တိုက်အားတိုက်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ရှာဖွေဖမ်းဆီး အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီမြို့ရှိ လုံခြုံရေးပူးပေါင်းအဖွဲ့များက သတင်းအရ မြဝတီမြို့ ဝန်းကျင်တွင် ရှောင်တခင် စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ အမှတ်(၃) ရပ်ကွက်တွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်လျက်ရှိကြသည့် တရုတ်နိုင်ငံသား ၂၅ ဦး၊ မြန်မာနိုင်ငံသား ၂၂၃ ဦး စုစုပေါင်း ၂၄၈ ဦးအား တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုများတွင် အသုံးပြုသည့် ကွန်ပျူတာ မျိုးစုံ ၈၂ လုံး၊ မိုဘိုင်းဖုန်း ၉၂ လုံးနှင့် ဆက်စပ်ပစ္စည်းများနှင့် အတူ ဖမ်းဆီးရမိခဲ့ပြီး အဆိုပါဖမ်းဆီးရမိသူများအား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်သည်။ ထို့ပြင် အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှု လုပ်ငန်းများ နေထိုင်လုပ်ကိုင်ခဲ့ကြသည့် သုံးထပ် အဆောက်အအုံ ငါးလုံး၊ တစ်ထပ် အဆောက်အအုံ သုံးလုံး စုစုပေါင်း ရှစ်လုံးတို့အား စစ်ဆေးတွေ့ရှိခဲ့ရပြီး ပြန်လည်အသုံးချမှု မရှိစေရေးအတွက် သုံးထပ်အဆောက်အအုံ တစ်လုံးကို ယနေ့တွင်စတင်၍ စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၉၄၅ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၁၂၃၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၇၀၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက် ထားရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝ အခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် သုံးထပ်လူနေအဆောက်အအုံ။



မြဝတီမြို့အတွင်း သိမ်းဆည်းရမိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။




မြဝတီမြို့အတွင်း ဖမ်းဆီးရမိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများကို တွေ့ရစဉ်။




## မလှိုင်မြို့နယ်အတွင်း မဲစာရင်းပြည့်စုံမှန်ကန်စေရေး တစ်အိမ်တက်ဆင်းကွင်းဆင်းစစ်ဆေး

**မလှိုင် ဒီဇင်ဘာ ၄**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး၊ နိုင်ငံသားတိုင်းဆန္ဒမဲပေးပိုင်ခွင့် အခွင့်အရေးအပြည့်အဝရရှိစေရေး၊ မဲပေးခြင်းသည် နိုင်ငံသားများက အမျိုးသားရေးတာဝန်ထမ်းဆောင်ခြင်းဖြစ်သည့်အတွက် မဲပေးပိုင်ခွင့်ရှိသူများ ကျန်ရှိမှု မရှိစေရေးနှင့် မပါဝင်သင့် မပါဝင်ထိုက်သူများ မပါရှိစေရေး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်/ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် မလှိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၂၇ ရက်မှစ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့ ကိုကိုးကျွန်းမြို့ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်) သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ် ပြည်သူ့ဆေးရုံ၌ အခြေပြု၍ ကိုကိုးကျွန်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၂၉၅ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာ ဆေးကုသမှုဆိုင်ရာရောဂါ ၅၅ ဦး၊ ခွဲစိတ်ရောဂါ ၃၀၊ သားဖွား/မီးယပ်ရောဂါ ၁၀ ဦး၊ ကလေးရောဂါ ၂၀၊ အရိုးရောဂါ ၃၆ ဦး၊ နား/နှာခေါင်း/လည်ချောင်းရောဂါ ၁၉ ဦး၊ မျက်စိရောဂါ ၆၈ ဦး၊ သွားနှင့်ခံတွင်းရောဂါ ၅၇ ဦး၊ စုစုပေါင်း ဒေသခံပြည်သူ ၂၉၅ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ လေးဦး၊ မျက်စိခွဲစိတ်လူနာ ခုနစ်ဦး၊ သွားနုတ်/သွားဖာ ၅၂ ဦး၊ ဓာတ်မှန်ရိုက် လူနာလေးဦး၊ အာထရာဆောင်းစက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၅ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၄၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၇ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ လာရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

၁။ မနှစ်က မျက်လုံး လာကုပါတယ်၊ ပျောက်ကင်းသွားပါတယ်။ အခုကျတော့ နှာခေါင်းပေါ့၊ ထိပ်ကပ်နာလေး နည်းနည်းဖြစ်ချင်လို့ လာကုသတာပါ။ ဆရာဝန်တွေက နွေးနွေးထွေးထွေးနဲ့ ကုသပေးပြီးတော့ ကြည့်ရှုပေးပါတယ်။ မနှစ်တုန်းက မျက်စိမပြခင်မှာက မျက်စိက စာဖတ်ရင်လည်း မမြင်ရဘူး၊ အဝေးလည်းမှုန်တယ်၊ အနီးလည်း မှုန်တယ်။ အဲဒါကုသပြီးတော့ မျက်မှန်ကို သူတို့ပြောတဲ့လအတိုင်း တပ်လိုက်တဲ့အခါ ပျောက်ကင်းသွားပါတယ်။ အခုလို လာကုသပေးတဲ့အတွက် ကိုကိုးကျွန်းသူ/ ကျွန်းသားများကိုယ်စား အလွန် ဝမ်းသာပီတိဖြစ်မိပါတယ်။ အခုလို နွေးနွေးထွေးထွေးနဲ့ ဆရာဝန်တွေ၊ ပါရဂူတွေက ကုသပေးတဲ့အတွက် အလွန်ဝမ်းသာပါတယ်။

၂။ ကျွန်မကတော့ သွေးတိုးဖြစ်လို့လာပြတာပါ။ သွေးတိုးဆိုတော့ ဆရာဝန်ကြီးတွေက သွေးတိုးဆိုဆရာဝန်တွေကိုလည်း အားမနာနဲ့ အရေးကြီးတယ်ပေါ့။ သွေးတိုးကနေ နှလုံး ဒီလိုမျိုးအကုန်လုံး အဓိကပေါ့နော်၊ ဆရာဝန်တွေက စမ်းသပ်ပေးမယ်ပေါ့။



သွေးတိုးမှာ ဖြစ်တဲ့ရောဂါတွေကို ရှင်းပြတာပေါ့။ သွေးတိုးကနေ ဖြစ်သွားနိုင်တဲ့ ရောဂါတွေကို ရှင်းပြသွားတယ်။ သွေးတိုးလို့ရှိရင် ရှောင်ကြဉ်ရမယ့်အရာတွေ၊ အနေအထိုင်၊ အစားအသောက်ပုံစံလေးတွေ ပြောပြသွားတယ်။ သွေးပေါင်ချိန်မယ့် အတိုင်းအတာလေးတွေ၊ ကျွန်မတို့အတွက်လည်း သိသင့်သိထိုက်တာလေးတွေ သိလိုက်ရတယ်။ သူများကိုလည်း ပြောပြလို့ရတာပေါ့။ သွေးတိုးရင် ဒီလိုမျိုး ဖြစ်တတ်တယ်ဆိုတာကို ကျွန်မတို့ကျွန်းက ပြည်သူ တော်တော်များများက အတွေ့အကြုံသိပ်မရှိဘူး။ ဒါပေမယ့် ဆရာဝန်ကြီးတွေက အကုန်လုံး သင့်တော်သလို ကုသပေးတယ်၊ ပြောလည်း ပြောပြတယ်၊ အဆင်ပြေပါတယ်။ ကျေးဇူးလည်းတင်တယ်။ ဘာလို့လဲဆိုတော့ ကိုယ့်ကျွန်းကို တကူးတက သီးသန့်လာရောက်ကုသပေးတဲ့အတွက်ကိုလည်း တကယ်ကျေးဇူးတင်ပါတယ်။ **သတင်းစဉ်**

## တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့ မော်လမြိုင်ကျွန်းမြို့နယ် ရွာသစ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၄**

ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော် မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ် (စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများ ပါဝင်သော တပ်မတော်နယ်လှည့် အထူးကု ဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်ကျွန်းမြို့နယ် ရွာသစ်ကျေးရွာရှိ သီရိမင်္ဂလာမိုးကုတ် ဓမ္မရိပ်သာကျောင်းတိုက်၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၈၃ ဦးအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာ ဆေးကုသမှုဆိုင်ရာရောဂါ ၁၆၂ ဦး၊ ခွဲစိတ်ရောဂါ ၂၉ ဦး၊ သားဖွား/မီးယပ်ရောဂါ ၅၈ ဦး၊ ကလေးရောဂါ ၂၇ ဦး၊ အရိုးရောဂါ ၁၂၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၅ ဦး၊ မျက်စိရောဂါ ၁၀၀ နှင့် သွားနှင့်ခံတွင်းရောဂါ ၄၂ ဦး၊ စုစုပေါင်းဒေသခံပြည်သူ ၅၈၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ လေးဦး၊ မျက်စိခွဲစိတ်လူနာ ခြောက်ဦး၊ သွားနုတ်/သွားဖာ ၂၂ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၈ ဦး၊ အာထရာဆောင်းစက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၆ ဦး၊ ECG စက် ဖြင့် နှလုံးစမ်းသပ်လူနာ ၁၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၈ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ထို့အပြင် တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့မှ ပါရဂူများသည် ဒီဇင်ဘာ ၃ ရက် ည ၈ နာရီ ၁၆ မိနစ်ခန့်တွင်



တပ်မတော် မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်) ပေါ်၌ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကျွန်းသာယာ ကျေးရွာအုပ်စု ညောင်ပိတ်ကျေးရွာနေ ဦးရဲနိုင်ထွန်း၏ ဇနီး ဒေါ်ဖူးငုံလွှာ အသက် ၂၆ နှစ်၏ တတိယကိုယ်ဝန်ကို ကိုယ်အလေးချိန် ၆ ပေါင် ၁၀ အောင်စရှိ သားရတနာကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး မိခင်ရော ကလေးပါ ကျန်းမာရေး ကောင်းမွန်လျက် ရှိကြောင်းနှင့် ၎င်းကလေးငယ်အား တာဝန်ရှိသူများက ချီးမြှင့်ငွေများနှင့် ကလေးအသုံးအဆောင် ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။ အဆိုပါ ကလေးငယ်သည် ယခုခရီးစဉ်တွင် ပထမဆုံးမွေးဖွားသည့် ကလေးငယ်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည် -

၁။ ကျွန်မနာမည်က မဖူးငုံလွှာပါ။ ညောင်ပိတ်ကနေပြီး လာခွဲတာပါ။ ခွဲရက်ကလည်း မလိုတော့ဘူး၊ သူများတွေက ညွှန်ကြတယ်၊ ဒီမှာက ရက်နီးလို့ရှိရင် တစ်ခါတည်းခွဲပေးသွားတယ်တဲ့။ ဒီမှာမွေးတာက ပိုကောင်းတယ်ပေါ့။ ပိုက်ဆံမကုန်တဲ့အပြင် ထောက်ပံ့ကြေးလည်း ရတယ်။ လူနာပေါ်မှာလည်း ဂရုစိုက်တယ်၊ တစ်ခါမှတော့ အဲဒီလိုမကြုံဖူးဘူး၊ အခုမှကြုံဖူးတာ၊ ဝမ်းလည်း ဝမ်းသာပါတယ်။ အကုန်လုံးလည်း ကျေးဇူးတင်ပါတယ်။ ကိုယ်အဆင်မပြေတဲ့အချိန်မှာ ဒီလိုမျိုးကြုံတွေ့ရတာ တကယ်လည်း ဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ်။ လာရောက်ကုသပါလို့၊ အကုန်လုံးလည်း အဆင်ပြေတယ်၊ ကောင်းလည်း ကောင်းပါတယ်။ နောက်ပြီးတော့ ခွဲပေးတဲ့ ဆရာဝန်တွေကလည်း တော်တယ်။ အဲဒါကြောင့် အကုန်လုံးကို ကျေးဇူးအထူးတင်ရှိပါတယ်။

၂။ အဘွားရဲ့ နာမည်က ဒေါ်လှဝင်းပါ၊ အသက်က ၆၄ နှစ်ပါ။ စခန်းချောင်းကြီးကျေးရွာကနေ လာပြီး ဆေးလာကုတာပါ။ အရိုးအကြောလည်း ပြတယ်၊ ဒီရောက်တော့ သွေးပေါင်တက်နေတော့ ECG ဆွဲပေးတယ်၊ အာထရာဆောင်းလည်း ရိုက်ပြီးတော့ စစ်ဆေးပေးပါတယ်။ ကျောက်ကပ်တို့ အကုန်ကောင်းတယ်တဲ့၊ အဲဒီ သွေးပေါင်တက်တဲ့ဟာကို အခုဆေးဆက်ပေးထားတယ်။ ဆေးဆက်သောက်ပါဆိုပြီးတော့ သူတို့ ဆေးပေးထားပါတယ်။ ခြေထောက်တွေကလေ အရိုးအကြောမှာပြနေရတာဆိုတော့ နည်းနည်းတော့ နာကျင်မှုတော့ရှိတာပေါ့။ မြို့တွေမှာ သွားပြမယ်ဆိုရင်လည်း ကိုယ်တွေက အဲဒီလိုအမျိုးမျိုးတွေကို မစစ်ဆေးနိုင်တော့ အခက်အခဲတွေ နည်းနည်းရှိတာပေါ့။ ဒီမှာကတော့ တစ်နေရာတည်းမှာတင် စုံစုံလင်လင်နဲ့ ပြသရတယ်၊ ဆေးကုရတယ်လေ။ အဲဒီလိုဆိုတော့ ကောင်းပါတယ်။ သက်သာပျောက်ကင်းအောင် စောင့်ရှောက်ကုသပေးတဲ့အတွက် အဖွဲ့အားလုံးကို ကျေးဇူးတင်ပါတယ်။ **သတင်းစဉ်**

## လယ်ဝေးမြို့နယ်၌ မဲစာရင်းများမှန်ကန်စေရေး မြေပြင်ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၄**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်၌ ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အိမ်တိုင်ရာရောက် မဲစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းများကို နိုဝင်ဘာ ၂၆ ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က အမှတ်(၆)၊ အမှတ်(၇) နှင့် အမှတ် (၃) ရပ်ကွက်တို့တွင် ဆောင်ရွက်နေမှုများကို နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ လယ်ဝေးမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူရနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မဲစာရင်းများမှန်ကန်စေရေး၊ မဲစာရင်း၌ပါဝင်သင့်သူများ မကျန်ရှိစေရေး၊ အချက်အလက်များ ပြည့်စုံမှန်ကန်စေရေးတို့အတွက် ရပ်ကွက်၊ ကျေးရွာများတွင် တစ်အိမ်တက်ဆင်း မဲစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းများကို ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မြေပြင်ကွင်းဆင်းကောက်ယူရေးအဖွဲ့များက ဆောင်ရွက်လျက်ရှိပြီး နေပြည်တော်ကောင်စီဝင်က လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

## ကွန်ဟိန်းမြို့၌ (၇၆)ကြိမ်မြောက် (၃၈)ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ ကျင်းပ

**ကွန်ဟိန်း ဒီဇင်ဘာ ၄**

ကွန်ဟိန်းမြို့၌ (၇၆)ကြိမ်မြောက် (၃၈)ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲကို ယမန်နေ့က အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်ရာ ကွန်ဟိန်းမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၁၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ကော့သောင်းမြို့၌ အခွန်အမှတ်တံဆိပ်ကပ်ခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေး

**ကော့သောင်း ဒီဇင်ဘာ ၄**

ကော့သောင်းမြို့အတွင်းရှိ ရွှေဆိုင်လုပ်ငန်းရှင် အခွန်ထမ်းပြည်သူများအား အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ကော့သောင်းမြို့နယ် အခွန်ဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးသန်းဇော်မိုးက ပြည်တွင်းအခွန်ဦးစီးဌာနမှ စည်းကြပ်ကောက်ခံလျက်ရှိသည့် အခွန်များနှင့် စပ်လျဉ်း၍ တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရမည့် လုပ်ငန်းများနှင့်



စပ်လျဉ်း၍ ပြေစာများအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာများ၊ အခွန်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကော့သောင်းမြို့နယ်အတွင်းရှိ ရွှေဆိုင်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပြီး မြို့နယ်အခွန်ဦးစီးဌာနရုံးမှ တာဝန်ရှိသူများက ပြေစာအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မိုင်းယောင်းမြို့၌ မဲစာရင်းမှန်ကန်စေရေး၊ မဲပေးပိုင်ခွင့်ရှိသူများ မဲစာရင်းတွင် ကျန်ရှိမှုမရှိစေရေး တစ်အိမ်တက်ဆင်း တိုက်ဆိုင်စစ်ဆေး

**မိုင်းယောင်း ဒီဇင်ဘာ ၄**

မိုင်းယောင်းမြို့နယ်၌ မဲစာရင်းမှန်ကန်စေရေး၊ မဲပေးပိုင်ခွင့်ရှိသူများ မဲစာရင်းတွင် ကျန်ရှိမှုမရှိစေရေးအတွက် တစ်အိမ်တက်ဆင်း မဲစာရင်းတိုက်ဆိုင်စစ်ဆေးရေးအဖွဲ့များဖြင့် ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မဲစာရင်းမှန်ကန်စေရေး၊ မဲပေးပိုင်ခွင့်ရှိသူများ မဲစာရင်းတွင် ကျန်ရှိမှုမရှိစေရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများ ဦးဆောင်သည့် မဲစာရင်းမှန်ကန်စေရေး တစ်အိမ်တက်ဆင်း မဲစာရင်းတိုက်ဆိုင်စစ်ဆေးရေးအဖွဲ့ ၂၂ ဖွဲ့ဖြင့် ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## အီလက်ထရောနစ် မဲပေးစက်ဆိုင်ရာနည်းပညာ အထောက်အကူပြုသင်တန်းဖွင့်

**ပန်းတနော် ဒီဇင်ဘာ ၄**

ပန်းတနော်မြို့နယ်၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဖွဲ့စည်းထားသော အီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ နည်းပညာ အထောက်အကူပြုအဖွဲ့အား အီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ



နည်းပညာ အထောက်အကူပြု Installation သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရွှေနော်သီရိခန်းမ၌ ပြုလုပ်သည်။

အဆိုပါသင်တန်းတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မဲပေးစက်၏ဖွဲ့စည်းတည်ဆောက်ပုံ၊ MEVM စက်ဖြင့် စမ်းသပ်မဲပေးမှုအဆင့်ဆင့်လုပ်ငန်းစဉ်များ၊ အီလက်ထရောနစ်မဲပေးစက်နှင့် ပတ်သက်၍ နည်းပညာဆိုင်ရာ အခက်အခဲဖြစ်ပေါ်ပါက အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်ရမည့်နည်းလမ်းများ၊ အီလက်ထရောနစ်မဲပေးစက် တပ်ဆင်အသုံးပြုပုံ ဗီဒီယိုကလစ်ကို ရှင်းလင်းပြသခဲ့ပြီး အီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ နည်းပညာ အထောက်အကူပြုအဖွဲ့အား အဖွဲ့များခွဲ၍ အီလက်ထရောနစ်မဲပေးစက်ကို လက်တွေ့တပ်ဆင်အသုံးပြုခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မိုးနဲမြို့နယ်၌ သက်ငယ်မုဒိမ်းမှုမဖြစ်ပေါ်စေရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

**မိုးနဲ ဒီဇင်ဘာ ၄**

မိုးနဲမြို့နယ်တွင် သက်ငယ်မုဒိမ်းမှု မဖြစ်ပေါ်စေရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက နားခါးအခြေခံပညာမူလတန်းကျောင်း၌ ဆောင်ရွက်သည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးညွန့်ရွှေက ကလေးငယ်များကို မဖြစ်မနေသင်ထားပေးသင့်သည့်အချက်များ၊ သက်ငယ်မုဒိမ်းမှုများနေ့စဉ် ရက်ဆက်ဖြစ်ပေါ်နေမှုအပေါ် အုပ်ထိန်းသူများနှင့် ကလေးငယ်များ လိုက်နာသတိပြုရန်အချက်များကိုလည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်နန်းမွမ်းဆိုင်က စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို လည်းကောင်း ပြောကြားသည်။

ထို့နောက် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနံရံကပ်စာစောင်နှင့် ဓာတ်ပုံများကို ပြသရာ ကျောင်းသား ကျောင်းသူများက ကြည့်ရှုခဲ့ကြသည်။

မျိုးညွန့်ရွှေ(မိုးနဲ)



## သံဖြူဇရပ်မြို့နယ်၌ မူလတန်းကြိုကျောင်းများ ဉာဏစွမ်းရည်ပြိုင်ပွဲကျင်းပ

**သံဖြူဇရပ် ဒီဇင်ဘာ ၄**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော ဉာဏစွမ်းရည်ပြိုင်ပွဲများကို ဒီဇင်ဘာ ၂ ရက်တွင် သံဖြူဇရပ်မြို့ အောင်ဇေယျရပ်ကွက်ရှိ မြို့လယ်ပန်းခြံဝင်းအတွင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းမာက ကလေးငယ်များ၏ ဉာဏစွမ်းရည်တိုးတက်စေရေးနှင့် တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးမှုရရှိစေရန် ရည်ရွယ်၍ ပြိုင်ပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း အမှာစကားပြောကြားပြီး ပြိုင်ပွဲကျင်းပရာ မူလတန်းကြိုကျောင်း ၁၀ ကျောင်းမှ ဆေးရောင်ခြယ်ပန်းချီပြိုင်ပွဲ ၁၀ ဦး၊ ကဗျာရွတ်ဆိုပြိုင်ပွဲ ၁၀ ဦး၊ ပုံပြင်ပြောပြိုင်ပွဲ ၁၀ ဦး၊ အဖွဲ့လိုက်သီချင်းဆိုပြိုင်ပွဲ ၆၀ စုစုပေါင်း ပြိုင်ပွဲဝင် ရင်သွေးငယ် ၉၀ တို့က ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရင်သွေးငယ်များအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မိုးလွင်နှင့် တာဝန်ရှိသူများက



ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ရင်သွေးငယ်များအား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။

## ဥတ္တရသီရိမြို့နယ်၌ မဲစာရင်းများ ကွင်းဆင်းစိစစ်နေမှုနှင့် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ကြည့်ရှုအားပေး

**နေပြည်တော် ဒီဇင်ဘာ ၄**

နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးနှင့် ဦးဇေယျာလင်းသည် ဥတ္တရခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၃ ရက်က ဥတ္တရသီရိမြို့နယ်ရွှေနံ့သာ ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ မဲစာရင်းများ ဒုတိယအကြိမ် ကြေညာထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးနှင့် တာဝန်ရှိသူများသည် ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက်အတွင်း တစ်အိမ်တက်ဆင်းစနစ်ဖြင့် မဲစာရင်းတိုက်ဆိုင်စစ်ဆေးရေးအဖွဲ့၏ မဲဆန္ဒရှင်စာရင်းများ တိုက်ဆိုင်စစ်ဆေးနေမှုကို ကြည့်ရှုအားပေးသည်။



ထို့နောက် နေပြည်တော်ကောင်စီဝင်များသည် တာဝန်ရှိသူများနှင့်အတူ ဥတ္တရသီရိမြို့နယ် ရာဇသင်္ဂဟလမ်းမကြီးဘေးတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့က ကြီးကြပ်၍ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးဝန်ထမ်းများနှင့် ပြည်သူများက အဆိုပါလမ်းမကြီးဘေးရှိ သစ်ပင်၊ ချုံနွယ်၊ မြက်ပင်အမှိုက်များကို ဖယ်ရှားရှင်းလင်း၍ စုပေါင်းသန့်ရှင်းရေးပြုလုပ်နေမှုကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**



## ဟသ်ာတမြို့နယ်၌ KG ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်း အာဟာရကျွေးမွေး

**ဟသ်ာတ ဒီဇင်ဘာ ၄**

ဟသ်ာတမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် KG ကျောင်းသားကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းကို ဒီဇင်ဘာ ၃ ရက်က ဒူးယား အထကကျောင်း၌ ဆောင်ရွက်သည်။

မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနမှ ပဉ္စမအကြိမ်မြောက်အဖြစ် ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၃၄၅ ကျောင်း၌ KG ကျောင်းသား ကျောင်းသူ ပေါင်း ၄၈၃၆ ဦးတို့အား ကျွေးမွေးခဲ့ရာ အစာမစားမီ လက်ဆေးခြင်း၊ နေ့လယ်စာတွင် အဏုအာဟာရမှုန့်များ ထည့်သွင်းအသုံးပြု၍ ကျွေးမွေးခြင်း၊ နေ့လယ်စာစားပြီးနောက် စနစ်မှန်သွားတိုက်ခြင်းတို့ကို ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေခြည်ထက်ထက်လင်းအောင် ဦးဆောင်သော ကျန်းမာရေးဌာနဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဇမ္ဗူသီရိမြို့နယ်၌ မဲစာရင်းများ ပြည့်စုံမှန်ကန်မှုရှိစေရေး ကွင်းဆင်းဆောင်ရွက်

**ဇမ္ဗူသီရိ ဒီဇင်ဘာ ၄**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ ဆန္ဒမဲပေးရန် သတ်မှတ်ချက်ပုံစံနှင့် ကိုက်ညီသော မဲဆန္ဒရှင်ပြည်သူများ မဲစာရင်းတွင် ပါဝင်နိုင်ရေးနှင့် အချက်အလက်များ ပြည့်စုံမှန်ကန်မှု ရှိစေရေးတို့အတွက် ဒီဇင်ဘာ ၃ ရက်က စွမ်းအင်ဝန်ကြီးဌာနနှင့် နိုင်ငံခြားရေး



ဝန်ကြီးဌာနသို့ သွားရောက်၍ ပျဉ်းမနားခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ထွန်းလင်းဦး နှင့်အဖွဲ့ဝင် ဦးသီဟဗိုလ်၊ ပျဉ်းမနား ခရိုင်လဝက ဦးစီးမှူး ဦးအောင်ဆန်းဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေနော်ဝင်းနှင့် အဖွဲ့ဝင် ဗိုလ်မှူး ပြည့်ဖြိုးအောင်၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းဌေး၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်လွင်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်း၍ ဇမ္ဗူသီရိမြို့နယ် အတွင်းရှိ စွမ်းအင်ဝန်ကြီးဌာန နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ သွားရောက်၍ ကွင်းဆင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နီလာ(ပြန်/ဆက်)**



## မိုင်းယုမြို့၌ မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်စေရေးနှင့် မဲပေးပိုင်ခွင့်ရှိသူများ မကျန်ရှိစေရေး မဲစာရင်းတိုက်ဆိုင်စစ်ဆေး

**မိုင်းယု ဒီဇင်ဘာ ၄**

မိုင်းယုမြို့၌ နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့် အခွင့်အရေးပြည့်ဝစွာ ရရှိစေရေး၊ မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်စေရေးနှင့် မဲပေးပိုင်ခွင့်ရှိသူများ မကျန်ရှိစေရေးအတွက် မြို့အုပ်ချုပ်ရေးမှူးက ကြီးကြပ်၍ မြေပြင်ကွင်းဆင်းကောက်ယူရေး ကော်မတီအဖွဲ့များ၊ ရပ်၊ ကျေးအုပ်ချုပ်ရေးမှူးများနှင့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ဝင်များ ပူးပေါင်းပြီး မြေပြင်ကွင်းဆင်းကာ မဲစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းကို ယနေ့ နံနက်ပိုင်းက သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုများ၌ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မိုင်းယု(ပြန်/ဆက်)**

## နမ့်စန်မြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေး

**နမ့်စန်(တ) ဒီဇင်ဘာ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယနေ့နံနက် ၉ နာရီက အမှတ်(၂)ရပ်ကွက်ရှိ မြို့နယ်ခန်းမတွင် ကျင်းပခဲ့ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမျိုးထွန်းနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ဆယ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဒေါ်မျိုးမျိုးအောင်နှင့် ဝန်ထမ်းများ၊ နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်နှင့် ကျေးရွာများမှ ပြည်သူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်နိုင်က မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့်



ပတ်သက်၍ အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲအရာရှိ ဒေါ်မျိုးမျိုးအောင်က မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။

**သူရအောင်(နမ့်စန်)**



မြင်းခြံမြို့၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးထွဋ်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဇော်မင်းသန်းနှင့် တာဝန်ရှိသူများက ဒို့အတူ မဲပေးကြမယ် အသိပညာပေး သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းက မြို့လယ်နာရီစင်နှင့် အေးမြသီတာဈေးတို့တွင် ဖြန့်ဝေပေးခဲ့စဉ်။ ချစ်ဦးနွေ(မြင်းခြံ)

## စစ်ကိုင်းမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော

**စစ်ကိုင်း ဒီဇင်ဘာ ၄**

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေး၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင် ပြပွဲကို ယနေ့ နံနက်ပိုင်းက စစ်ကိုင်းမြို့ အခြေခံပညာ အထက်တန်းကျောင်း ရွှေမင်းဝံ၌ ကျင်းပသည်။

ဦးစွာ စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ယုယုဝင်းက ကျောင်းသားကျောင်းသူ လူငယ်များအား



ဗလငါးတန်နှင့် ပြည့်စုံစေရန် စာအုပ်၊ စာစောင်များကို လေ့လာဖတ်ရှုကြရေး၊ အနာဂတ်တွင် နိုင်ငံတော်က အားထားရသည့် မျိုးဆက်သစ် လူငယ်လေးများ ဖြစ်လာစေရေး စသည့် စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ သိကောင်းစရာများကို အသိပညာပေး ဟောပြောသည်။

ထို့နောက် ဦးစီးအရာရှိ ဒေါ်မေဇင်မိုးက ကလေးအလုပ်သမား၏အဓိပ္ပာယ်၊ကလေးအလုပ်သမားပပျောက်ရေး ရည်မှန်းချက် (၃)ရပ်၊ ကလေးအလုပ်သမားများ၏ အသက်အရွယ်နှင့် အလုပ်ချိန်ကန့်သတ်ချက်များ၊ ကလေးအလုပ်သမားနှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်များ စသည့်သိကောင်းစရာများကို ဟောပြောသည်။

ဆက်လက်၍ ဒုတိယဦးစီးမှူး ဒေါ်ဇာဖြူထွန်းနှင့် ဝန်ထမ်းများက Mobile Library စနစ်ဖြင့် သုတ၊ ရသစာအုပ်များ အခမဲ့ငှားရမ်းပေးခဲ့ပြီး ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များ ပြသခဲ့သည်။

**အေးငြိမ်းစံ(ပြန်/ဆက်)**




**ကျေးဇူးဆပ်ပါမည်**

(ဘ) ဦးငွေဇော်၏သား မောင်မင်းရဲနိုင် ၆/သရခ(နိုင်)၁၀၆၉၃၁ ၏ ပွဲနင်းမှူးလက်မှတ် အမှတ် Permit. No 0186/2020 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်အကြောင်းကြားပေးရန်။

**ဖုန်း-၀၉-၄၂၂၂၀၆၉၃၆**

## Passport ပျောက်ဆုံးကြောင်း

မဖူးမြတ်စိုး(ဘ)ဦးဘမြိုင်စော (၁၂/သကတ(နိုင်)၁၉၉၁၅၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (MJ365726) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၆၁၅၇၄၄၀**

## ပျောက်ဆုံးကြောင်း

ဒေါ်မြသန္တာ(ဘ)ဦးသိန်းအေး ၁၂/ဒလန(နိုင်)၀၄၈၃၆၂ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၀၂၉၂၉၇၈**

## ပတ်စ်ပို့ပျောက်

လှိုင်မြို့နယ်၊ (၅)ရပ်ကွက်နေ (ဘ) ဦးမိုးကျော်လင်း၏သား မောင်ကျော်ဇင်လင်း ၁၂/ကမရ(နိုင်) ၀၇၁၄၀၂၏ နိုင်ငံကူးလက်မှတ် PS.MG 727178 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၂၀၃၅၃၂၇**

## အမည်မှန်

ဦးထွန်းနိုင်ဦး၏သမီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ အထက(ခွဲ) (စက်မှုဇုန်) Grade-11 တွင် ပညာသင်ကြားနေသော မသက်နှင်းရွှေဇင်၏ အမည်မှန်မှာ မသက်နှင်းရွှေစင် ဖြစ်ပါကြောင်း။

**မသက်နှင်းရွှေစင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (ည/၁၁)ရပ်ကွက်၊ သမာဓိ(၂)လမ်း၊ အမှတ်(၉၆၆-က)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၃၅) လူနေရပ်ကွက်အမှတ် (၁၁)၊ မြေကွက်အမှတ်(၉၆၆-က)၊ မြေဧရိယာ(၂၅ပေ x ၆၀ပေ)အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန် အမည်ပေါက် ဒေါ်ရွှေရွှေ ၁၂/သဃက(နိုင်)၁၃၈၁၇၇ထံမှ အစဉ်အဆက်အရောင်းအဝယ်ကတိစာချုပ်များဖြင့်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ထားထားလွင် ၁၂/အစန(နိုင်)၀၉၃၃၇၀က ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ဖြိုးဖြိုးသော် ၁၂/ဥကတ(နိုင်) ၁၄၆၈၃၂မှ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့်အိမ်အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမှုရင်းများယူဆောင်လာပြီး ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နန်းယုယုအောင်(LL.B,D.B.L,D.I.L)** **ဒေါ်ခိုင်ဇင်ဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၄၅၄)** **အထက်တန်းရှေ့နေ(စဉ်-၅၆၂၁၉)**
**တိုက်အမှတ်(၂၇၉)၊ အခန်းအမှတ်(၆-ဘီ)၊ ၆လွှာ(7Lift)၊ (၉)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၇၇၂၂၀၀၄၀၊ ၀၉-၂၆၁၄၈၀၀၅၉၊ ၀၉-၈၈၀၂၅၂၅၈၃**

## ကချင်ပြည်နယ်အစိုးရအဖွဲ့
## လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
## ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ဒေသ(၁၀)၊ကချင်ပြည်နယ်ဦးစီးမှူးရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၊ ဒေသ(၁၀) ၊ ကချင်ပြည်နယ်ဦးစီးမှူးရုံးမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ၊ ပြည်ထောင်စုအထွေထွေပိုလျှံရန်ပုံငွေ(GRF)ဖြင့် ဆောင်ရွက်မည့် ကမ်းထိန်းလုပ်ငန်းအတွက် လုပ်ငန်းသုံးပစ္စည်း တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာရောင်းချမည့် နေ့ရက်** - ( ၅ - ၁၂ - ၂၀၂၅ ) (ရုံးချိန်အတွင်း)
(ခ) **တင်ဒါပိတ်မည့်နေ့ရက်အချိန်**- (၁၈-၁၂-၂၀၂၅)(၁၆:၀၀)နာရီ
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ**- ပြည်နယ်ဦးစီးမှူးရုံး၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့။

၂။ တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို ရုံးချိန်အတွင်း တင်ဒါလျှောက်လွှာများအား ရောင်းချမည်ဖြစ်၍ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက အတွင်းရေးမှူး၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ(ပြည်နယ်ဦးစီးမှူးရုံး ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ဖုန်း ၀၇၄-၂၅၂၀၉၈၉ ) သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/ရွာမရပ်၊ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိ မြေကွက်အမှတ်(ပ-၄၄၇၅) ကို အမည်ပေါက် ဦးခင်မောင်လွင် (ဘ)ဦးအေးရွှေ ၉/မထလ(နိုင်)၁၀၅၂၃၇မှ ဦးမြင့်ငွေ (ဘ)ဦးကံညွန့် ၅/ကသန(နိုင်)၀၄၄၉၆၂ နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေ စီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1D/5450, HYUNDAI KMEFE , TRACTOR HEAD (6x4)L ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်သူ ၅/စကန(နိုင်)၂၂၅၈၂၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၉ယ/၈၅၈၁၈, Honda Click 150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးချစ်စံ ၆/ပလန(နိုင်)၀၄၈၁၃၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြိတ်)**

## မင်္ဂလာတောင်ညွန့်မြို့နယ်၌ ဒို့အတူတူမဲပေးကြမယ် ပိုစတာစိုက်ထူ

**ရန်ကုန် ဒီဇင်ဘာ ၄**

ရန်ကုန် တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် သိမ်ဖြူလမ်းနှင့် ဗညားဒလလမ်း ထောင့်နေရာတို့တွင် ဒီဇင်ဘာ ၃ ရက် ညနေ ၄ နာရီခွဲက ဒို့အတူတူ မဲပေးကြမယ် ပိုစတာများကို တာဝန်ရှိသူများက စိုက်ထူ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စိုက်ထူရာသို့ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြသိန်းထွန်း၊ အဖွဲ့ဝင် ဗိုလ်မှူး ကျော်ကျော်နှင့် ဦးတင်မောင်မောင်ဦး၊ ဒုတိယ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ပြည့်စုံဝင်း၊ မြို့နယ် လဝကမှူး ဦးမောင်မောင်၊ မြို့နယ် မီးသတ်ဦးစီးမှူး ဦးနိုင်ဝင်းစိန်နှင့် တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်စေရန် ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သောအနာဂတ်ဆီသို့ စာသားပါ မြေစိုက်ပိုစတာအား စိုက်ထူပြီး အမွှေးနံ့သာများ ပက်ဖျန်းပေးသည်။ ယင်းနောက် မင်္ဂလာတောင်ညွန့် မြို့နယ်အတွင်းရှိ ရပ်ကွက်



အုပ်ချုပ်ရေးမှူးရုံးများအရှေ့ တွင်လည်းစိုက်ထူခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး**
**(မင်္ဂလာတောင်ညွန့်)**

## လိဒ်စ်က အသင်းကြီး ချယ်ဆီးကို အနိုင်ယူပြီး တန်းဆင်းဇုန်မှ လွတ်မြောက်

ပရီမီယာလိဂ် ပွဲစဉ် (၁၄) မှ စိတ်ဝင်စားဖွယ်ရာ အကောင်းဆုံးပွဲစဉ်တစ်ပွဲဖြစ်သည့် လိဒ်စ်နှင့် အသင်းကြီး ချယ်ဆီးအသင်းပွဲစဉ်တွင် လိဒ်စ်အသင်းက အကြိတ်အနယ်ကစားကာ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး လေးပွဲဆက် ရှုံးနိမ့်မှု မှတ်တမ်းဆိုးကို ချေဖျက်နိုင်ခဲ့သည်။

အဆိုပါပွဲစဉ်ကို ဒီဇင်ဘာ ၄ ရက် နံနက် ၂ နာရီ ၄၅ မိနစ်က လိဒ်စ်အသင်း အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည်။ နာမည်ကြီး ချယ်ဆီးအသင်းသည် ဘောလုံးပိုင်ဆိုင်မှုပိုင်းနှင့် ဂိုးပေါက်ခြိမ်းခြောက်မှုပိုင်းတွင် လိဒ်စ်အသင်းကို အသာရခဲ့သော်လည်း ဂိုးပေါက်တည့်မှုပိုင်းနှင့် ဂိုးရရှိနိုင်သည့် အခွင့်အရေးဖန်တီးမှုပိုင်းတွင် အသာမရခဲ့ပေ။ ပွဲစတင်သည်နှင့် တစ်ပြိုင်နက်ဖိအားပေးကစားနိုင်သည့် လိဒ်စ်အသင်းသည် ပွဲချိန် ၆ မိနစ်တွင် ဂျာကာဘီဂျိုးလ်၏ ခေါင်းတိုက်



လိဒ်စ်အသင်း တိုက်စစ်ကစားသမား ကားဗက်လီဝင် ချယ်ဆီးအသင်းဘက်သို့ ဂိုးသွင်းယူစဉ်။

သွင်းဂိုးကြောင့် ဦးဆောင်ဂိုး ရရှိခဲ့သည်။ ဦးဆောင်ဂိုးခွင့်ပေးလိုက်ရပြီးနောက် ချေပဂိုးရရှိရေး အားစိုက်ကစားလာသော ချယ်ဆီးအသင်းသည် ပြိုင်ဘက်အသင်း ခံစစ်နှင့် ဂိုးသမားတို့ကို ကျော်ဖြတ်နိုင်ခြင်း မရှိသည့်အတွက် သွင်းဂိုးရရှိရေး အခက်တွေ့ခဲ့ရသည်။ ပွဲချိန် ၄၃ မိနစ်တွင် တာနာကာ၏ သွင်းဂိုးကြောင့် လိဒ်စ်အသင်း ဒုတိယဂိုးရရှိခဲ့ပြီး ပထမပိုင်းတွင် နှစ်ဂိုးပြတ် ဦးဆောင်နိုင်ခဲ့သည်။ ပွဲချိန် မိနစ် ၅၀ တွင် ချယ်ဆီးအသင်းအတွက် ချေပဂိုးကို နီတိုက သွင်းယူပေးခဲ့သည်။ လိဒ်စ်အသင်းသည် ပွဲချိန် ၅၄ မိနစ်တွင် ရရှိသော သွင်းဂိုးကို ဗီအေအာရ်က ပယ်ဖျက်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။ လိဒ်စ်အသင်းအတွက် အနိုင်သေချာစေမည့် တတိယဂိုးကို ပွဲချိန် ၇၂ မိနစ်တွင် ကားဗက်လီဝင်က သွင်းယူပေးခဲ့သည်။ လိဒ်စ်အသင်းသည် ယခုနိုင်ပွဲကြောင့် ရမှတ် ၁၄ မှတ်နှင့်အတူ တန်းဆင်းဇုန်မှ လွတ်မြောက်နိုင်ခဲ့သည်။ အခြားပွဲစဉ်ရလဒ်များတွင် အာဆင်နယ်က ဘရန့်ဖို့ဒ်ကို နှစ်ဂိုးပြတ်၊ အက်စ်တွန်ဗီလာက ဘရိုက်တန်ကို လေးဂိုး-သုံးဂိုး၊ ခရစ္စတယ်ပဲလေ့စ်က ဘန်လေကို တစ်ဂိုး-ဂိုးမရှိ၊ နော်တင်ဟမ်ဖောရက်စ်က ဝုဖ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အသီးသီး နိုင်ပွဲရရှိခဲ့ပြီး လီဗာပူးနှင့် ဆန်းဒါးလန်းအသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

**အောင်ဇော်**

## ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုင်းအောင်နိုင်ဦး(ဘ)ဦးစိုင်းထွန်းကျော်(ခ)စိုင်းလူ(၁၃/နစန(နိုင်)၀၆၁၇၁၉)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုင်းအောင်နိုင်ဦးနှင့် ဒေါ်ဆုမြတ်မွန်(ဘ)ဦးလှစိန် (၁၃/လလန(နိုင်)၀၉၅၂၀၆)တို့သည် (၁၉-၃-၂၀၂၂) ရက်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ပြီး သား(၁)ဦးထွန်းကားခဲ့ပါသည်။ လွန်ခဲ့သော (၁၂-၅-၂၀၂၅)ရက်မှစ၍ ကျွန်ုပ်၏အမှုသည် ဦးစိုင်းအောင်နိုင်ဦးနှင့် ဒေါ်ဆုမြတ်မွန်တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်းတိုက်ဆိုင်မှုမရှိတော့သည့်အပြင် ရှေ့ဆက်ပေါင်းသင်းနေထိုင်ရန် ဆန္ဒမရှိတော့ပါသဖြင့် ရှမ်းပြည်နယ် တရားလွှတ်တော်ရုံးတော်၌ (၁၂-၅-၂၀၂၅)ရက်တွင် **"နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်"** ကို ပြုလုပ်ချုပ်ဆို၍ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။

ထိုသို့တရားဝင်ကွာရှင်းပြတ်စဲပြီးသည့်အချိန်မှစ၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်စပ်ဆိုင်ခြင်း အလျဉ်းမရှိတော့ဘဲ တစ်ဦး၏ ကိုယ်ရေးကိုယ်တာ ကိစ္စရပ်များအပေါ် တစ်ဦးမှ ဝင်ရောက်စွက်ဖက်နှောင့်ယှက်ခြင်း၊ ကိုယ်စိတ်၊ ဂုဏ်သရေ အမည်တို့အပေါ် ပတ်ဝန်းကျင် အသိုင်းအဝိုင်း နယ်ပယ်အသီးသီးမှ လွဲမှားသောအမြင်များ ဖြစ်ပေါ်စေရန် ဖန်တီးဆောင်ရွက်ခြင်းများ မပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ပြီး ပြုလုပ်ခြင်းခံရသူ၌ ကိုယ်ကျိုးစီးပွား၊ အမည်ဂုဏ်သိက္ခာ ထိခိုက်ညှိုးနွမ်းမှုများ ဖြစ်ပေါ်စေခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးစိုင်းအောင်နိုင်ဦး** | **ဒေါ်အေးဝင်းအောင်(LL.B)** |
| ၁၃/နစန(နိုင်)၀၆၁၇၁၉ | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၃၇၅) |
| | နယ်မြေ(၂/၁၇၄)၊ တပေါင်းပတ်လမ်း၊ |
| | ကံကြီးရပ်ကွက်၊ တောင်ကြီးမြို့၊ |
| | ဖုန်း-၀၉-၆၆၁၉၂၄၁၉၉ |

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ**

## ပြည်တက္ကသိုလ်၊ နေ့သင်တန်း (၂၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်းနှင့် ဘွဲ့နှင်းသဘင်အစီအစဉ်

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ပြည်တက္ကသိုလ်မှ ကျင်းပခဲ့သော ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ သိပ္ပံဂုဏ်ထူးဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ မဟာဥပဒေဘွဲ့၊ ကွန်ပျူတာဒီပလိုမာဘွဲ့ (၁၉/၂၀၂၄-၂၀၂၅) (DCS) နှင့်စီးပွားရေးဥပဒေပညာဒီပလိုမာဘွဲ့(၃/၂၀၂၄-၂၀၂၅)(DBL) စာမေးပွဲအသီးသီးကို အောင်မြင်ခဲ့ကြသူများ၏ ဘွဲ့နှင်းသဘင် အခမ်းအနားအား အောက်ပါအစီ အစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်-

**အစမ်းလေ့ကျင့်ခြင်း (၉-၁-၂၀၂၆)ရက် သောကြာနေ့ အစီအစဉ်**

ပထမပိုင်း+ဒုတိယပိုင်း - နံနက် (၉:၀၀)နာရီ
တတိယပိုင်း - မွန်းလွဲ (၂:၀၀)နာရီ

**ဘွဲ့နှင်းသဘင်(၁၀-၁-၂၀၂၆) စနေနေ့ အစီအစဉ်**

**ပထမပိုင်း-နံနက် (၉:၀၀)နာရီ**

| ဘွဲ့ | | အထူးပြုဘာသာ |
|---|---|---|
| မဟာဥပဒေဘွဲ့ | - | ဥပဒေပညာ |
| မဟာသိပ္ပံဘွဲ့ | - | သင်္ချာ၊ သတ္တဗေဒ |
| ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | - | အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဓာတုဗေဒ၊ ဘူမိဗေဒ |
| ဝိဇ္ဇာ/သိပ္ပံဘွဲ့ | - | မြန်မာစာ၊ သမိုင်း၊ စိတ်ပညာ၊ ရူပဗေဒ၊ ဇီဝဓာတုဗေဒ |

**ဒုတိယပိုင်း-မွန်းလွဲ (၂:၀၀)နာရီ**

| ဘွဲ့ | | အထူးပြုဘာသာ |
|---|---|---|
| မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ | - | မြန်မာစာ၊အင်္ဂလိပ်စာ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ |
| ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | - | သမိုင်း၊ ရူပဗေဒ၊ဇီဝဓာတုဗေဒ |
| ကွန်ပျူတာဒီပလိုမာဘွဲ့ | - | ကွန်ပျူတာဒီပလိုမာ(DCS) |
| ဥပဒေဘွဲ့ | - | ဥပဒေပညာ |
| ဝိဇ္ဇာ/သိပ္ပံဘွဲ့ | - | ပထမဝီဝင်၊ ဒဿနိကဗေဒ၊ သင်္ချာ၊ သတ္တဗေဒ |

**ဘွဲ့နှင်းသဘင်(၁၁-၁-၂၀၂၆) တနင်္ဂနွေနေ့ အစီအစဉ်**

**တတိယပိုင်း -နံနက် (၉:၀၀)နာရီ**

| ဘွဲ့ | | အထူးပြုဘာသာ |
|---|---|---|
| မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ | - | သမိုင်း၊ ဓာတုဗေဒ၊ ရူပဗေဒ |
| ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | - | မြန်မာစာ၊ သင်္ချာ၊သတ္တဗေဒ၊ ရုက္ခဗေဒ |
| စီးပွားရေးဥပဒေပညာ ဒီပလိုမာဘွဲ့ | - | စီးပွားရေးဥပဒေပညာဒီပလိုမာ(DBL) |
| ဝိဇ္ဇာ/သိပ္ပံဘွဲ့ | - | အင်္ဂလိပ်စာ၊ အရှေ့တိုင်းပညာ၊ ဓာတုဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ |

၁။ ဘွဲ့ယူမည့်သူများအတွက် ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ယူသူများအတွက် (၁၅၀၀၀)ကျပ် ဖြစ်ပြီး၊ အဝေးရောက်ဘွဲ့ ယူသူများအတွက် (၁၀၀၀၀) ကျပ်ဖြစ်ပါသည်။ ဘွဲ့လျှောက်လွှာ တင်သွင်းသူများသည် (၃) လအတွင်း ရိုက်ကူးထားသော (2" x 1 $^{1}/_{2}$")ဓာတ်ပုံ (၃)ပုံနှင့် အတူ တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူတို့ဖြင့် လျှောက်ထားရမည်။ ယခင်ဘွဲ့တစ်ခုခု ရပြီးသူများသည် ရရှိပြီးသည့် ဘွဲ့လက်မှတ်မိတ္တူကို တစ်ပါတည်း ထည့်သွင်းလျှောက်ထားရမည်ဖြစ်ပါသည်။ ဘွဲ့နှင်းသဘင်ကြေးငွေများကို ပြည်တက္ကသိုလ် ငွေလက်ခံဌာနတွင် (၅-၁၂-၂၀၂၅)ရက်မှ (၁၅-၁၂-၂၀၂၅)ရက်အထိ (အစိုးရရုံးပိတ်ရက်များအပါ) ပေးသွင်းနိုင်ပါသည်။

၂။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားကို တက်ရောက်ရန် ပျက်ကွက်သူများနှင့် အဝေးရောက်ဘွဲ့ လျှောက်ထားသူများ၏ ဘွဲ့လက်မှတ်များကို ဘွဲ့အပ်နှင်းသည့်ရက်မှ နောက်(၆)လပြည့်သည့် အချိန်မှသာ ထုတ်ပေးမည် ဖြစ်ပါသည်။

၃။ ဘွဲ့တက်ရောက် ယူမည့်သူများအတွက် ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာနှင့် အစမ်းလေ့ကျင့်ပွဲ တက်ရောက်ခွင့် လက်မှတ်တို့ကို ဘွဲ့ကြေးငွေသွင်းပြေစာပြ၍ (၅-၁-၂၀၂၆)ရက်မှ (၆-၁-၂၀၂၆)ရက်အထိ ပြည်တက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် ထုတ်ယူနိုင်ပါသည်။

၄။ ဘွဲ့နှင်းသဘင်အခမ်းအနားနှင့် အစမ်းလေ့ကျင့်ပွဲ အခမ်းအနားများတွင် ဘွဲ့တက်ရောက်ယူမည့်သူများသည် ဆံပင်အရောင် ဆေးမဆိုးရ။ မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံနှင့် အနောက်တိုင်းဝတ်စုံ(အမျိုးသား)များမှ နှစ်သက်ရာ ဝတ်စုံကို အပြည့်အစုံ ဝတ်ဆင်၍ တက်ရောက်ကြရပါမည်။ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် မကိုက်ညီပါက ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ခွင့်ပြုမည် မဟုတ်ပါ။

၅။ ယခင်ဘွဲ့နှင်းသဘင်များတွင် ဘွဲ့လျှောက်ထားခြင်း မရှိသူများသည် အဝေး ရောက်ဘွဲ့အတွက် လျှောက်ထားနိုင်ပါသည်။

၆။ အခြားအချက်အလက်များ သိရှိလိုပါက စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် ရုံးချိန်အတွင်း ဖုန်း -၀၉-၄၀၁၅၆၂၅၇၄ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မော်ကွန်းထိန်း**
**စာမေးပွဲနှင့်ဘွဲ့နှင်းဌာန**
**ပြည်တက္ကသိုလ်**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5M/4882 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟင်္သာတမြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ်(၈၃-ခ)၊ ကုလားတန်းအကွက်၊ ဦးပိုင်အမှတ် (၉၂-စ)၊ ဧရိယာ (၀.၀၂၅)ဧကရှိ ဖိုးဂှါ(ခ)ဒေါ်တင်တင်မြင့် အမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ(B) ကိုပုသိမ်မြို့၊ အမှတ်(၆)ရပ်ကွက်၊ ဗလီလမ်း၊ အမှတ်(၂၆-E)နေ ဒေါ်နီလာဝင်းမှ ဘိုးဘပိုင်မြေအမည်ပြောင်းလဲ မှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၈) ရပ်ကွက်၊ သူရသတီလမ်း၊ အမှတ် (၃၆/က) နေ ဒေါ်မိုးသက်နွယ်ကျော် ၁၂/မရက(နိုင်)၁၇၈၀၂၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေသည် အထက်ဖော်ပြပါ အမှတ်တံဆိပ်ကို ကိုယ်တိုင်တီထွင်ဖန်တီး အသုံးပြု၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း၌ **"တရုတ်စာသင်တန်းကျောင်း"** လုပ်ငန်းကို လုပ်ကိုင်ရာတွင် အစဉ်တစိုက်အသုံးပြုခဲ့ပြီး၊ အများပြည်သူများအကြား သိသာထင်ရှားကျော်ကြားစေခဲ့ပြီးနောက် ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ် (၁၀၁၅၉/၂၀၂၅)ဖြင့် (၂၅-၁၁-၂၀၂၅) ရက်တွင် တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဒေါ်မိုးသက်နွယ်ကျော် ရရှိပိုင်ဆိုင်ထားသော အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ တရုတ်စာနှင့်ဘာသာစကား သင်ကြားရေးလုပ်ငန်းများနှင့် ဆက်စပ်လုပ်ကိုင်ရာတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား၊ တုပသုံးစွဲခြင်းများ မပြုလုပ်ကြရန်နှင့် မည်သူမဆို ကျွန်ုပ်မိတ်ဆွေ၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန် ဆောင်ရွက်ခဲ့ပါက တည်ဆဲတရား ဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီသီဦး (တရားလွှတ်တော်ရှေ့နေ)**
**LL.B,DIL, DBL(ICM-UK), Dip; In English**
**စဉ်- ၁၄၉၇၇ (၁၃-၁၁-၂၀၁၈)**
**(ရုံး) အခန်း (၃)၊ (၁၂) လွှာ၊ တိုက် (F) ပုလဲကွန်ဒို၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉- ၄၀၃၇၆၃၀၃၃**

## အမည်ပြောင်း

(ဘ)ဦးတင်ဇော်ထွန်း ၈/ရနခ(နိုင်) ၀၇၅၁၃၅၏သမီး မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့၊ အထက(၃) Grade-1 မှ မသီရိရွှေရည်ထွန်းအား ယနေ့မှစ၍ မသန့်ရွှေရည်ထွန်းဟု ပြောင်းလဲခေါ်ပါရန်။

## ဖခင်တစ်ဦးတည်းဖြစ်ကြောင်း

ဟင်္သာတမြို့နယ် အထက-ရှားခဲကျောင်းမှ ဒု-အလယ်တန်းပြဆရာမ ဒေါ်ဟေမာလင်း ၁၄/ဟသတ(နိုင်)၂၆၅၆၈၁ ၏ ဖခင်မှာ ဦးတင်ဦး(ခ) စောတင်ဦးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးတင်ဦး(ခ)စောတင်ဦး**

## ဖခင်တစ်ဦးတည်းဖြစ်ကြောင်း

ဟင်္သာတမြို့နယ် အထက(ခွဲ)-အဝိုင်းကျောင်းစုကျောင်းမှ လ/ထ မူလတန်းပြဆရာမ နန့်ဌေးဌေးအောင် ၁၄/ဟသတ(နိုင်)၂၆၃၈၄၅ ၏ ဖခင်မှာ ဦးဌေးအောင်(ခ) ဦးမန်းဌေးအောင် (ခ) မန်းဌေးအောင် သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးဌေးအောင်(ခ) ဦးမန်းဌေးအောင် (ခ) မန်းဌေးအောင်**

## ဖခင်တစ်ဦးတည်းဖြစ်ကြောင်း

ဟင်္သာတမြို့နယ် အထက (ခွဲ)-အဝိုင်းကျောင်းစုကျောင်းမှ လ/ထ မူလတန်းပြ ဆရာမ နန့်ကြည်ပြာလှိုင် ၁၄/ဟသတ(နိုင်)၂၆၅၃၈၆ ၏ ဖခင်မှာ မန်းငွေဝင်း (ခ) ဦးငွေဝင်း သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မန်းငွေဝင်း (ခ) ဦးငွေဝင်း**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၄)၊ ခိုင်ရွှေဝါလမ်း၊ မြေကွက်အမှတ်(၇၈၄) ဒေါ်အေးအေးဦး (T/RGN-005456)အမည်ပေါက် အကျယ်အဝန်း ( ၄၀ x ၆၀ )ပေ၊ စတုရန်းပေ(၂၄၀၀)ရှိ နှစ်(၆၀)မြေငှားဂရန်မြေ အမျိုးအစားမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်၍ လက်ရောက်ရရှိထားလျက် ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမြင့်ကြိုင် (၁၂/ကခက(နိုင်)၀၄၆၄၅၂) ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးဇော်ဇော်အောင် (၁၂/စခန(နိုင်)၀၅၉၄၇၈)၊ ဒေါ်မျိုးမမ(၁၄/ကလန(နိုင်)၁၁၅၂၇၅)တို့က အပြီးအပိုင် တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုသူများအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ခိုင်လုံသည့် သက်သေ အထောက်အထားမူရင်းများကို ကိုင်ဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်ဇော်အောင်၊ ဒေါ်မျိုးမမတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဂျူလိုင်မိုး (LL.B, D.B.L, W.I.P.O Switzerland)၊**
**အထက်တန်းရှေ့နေ (စဉ်-၅၂၀၇၃)**
**အမှတ်(၇၉၅/ခ)၊ လေးကျွန်းဇမ္ဗူလမ်း၊ (၅၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၄၅၆၁၃၃၄၄၆၊ ၀၉-၇၇၅၀၀၈၃၆၅**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊ အမှတ်(၉၄) (ခြေရင်းခန်း) (၆)လွှာ၊( ၁၂ပေခွဲ x ၅၀) ပေအကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဦးမျိုးအောင် (၁၂/သဃက(နိုင်)၀၀၀၈၇၂)မှ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဦးအေးမင်းဝင်း (၇/ပခန(နိုင်)၂၆၆၉၃၀)ကလည်း အပြီးအပြတ်ဝယ်ယူရန် အတွက်စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း တိကျခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသုထက်ကျော်လွင်**
**(အထက်တန်းရှေ့နေစဉ်-၄၉၅၀၂/၂၀၁၈)**
**အမှတ်(၃၃)၊ မြသီရိလမ်း၊ မြသီတာရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉ - ၉၆၉၆၀၇၀၀၆**

## ရန်ကုန်အထိုင်လက္ကား မြေဩဇာရည်ညွှန်းဈေးနှုန်းများ သိရှိနိုင်ပါရန်ကြေညာခြင်း

၁။ ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း (MFSPEA)အနေဖြင့် တောင်သူများ အဓိကသုံးစွဲလျက်ရှိသော အောက်ပါမြေဩဇာများကို ဖော်ပြပါဈေးနှုန်းအတိုင်း ရန်ကုန်အထိုင်လက္ကားဈေးနှုန်းအဖြစ် ၁-၁၂-၂၀၂၅ ရက်မှ ၃၁-၁၂-၂၀၂၅ ရက် အထိ ရောင်းချရန် အသင်းဝင်ကုမ္ပဏီများသို့ ညွှန်ကြားထားရှိပါသည်-

(က) ယူရီးယား မြေဩဇာ (အလုံးကြီး) ၅၀ ကီလိုတစ်အိတ် ၉၄,၀၀၀ ကျပ်
(ခ) DI Ammonium Phosphate အခြေခံ ၁၅ ပတ်လည် ၅၀ ကီလိုတစ်အိတ် ၁၁၅,၀၀၀ ကျပ်

၂။ Complex ၁၅ ပတ်လည်မြေဩဇာကို ရည်ညွှန်းဈေးနှုန်း သတ်မှတ်ခြင်းမရှိပါ။ အထက်ပါဈေးနှုန်းများသည် ရန်ကုန်အထိုင် လက္ကားဈေးနှုန်းများဖြစ်သဖြင့် ဒေသအလိုက် သယ်ယူပို့ဆောင်စရိတ်များအပေါ်တွင် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။ ရည်ညွှန်းဈေးနှုန်းများနှင့်အညီ ရောင်းချခြင်းမရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်အသိပေးနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

(က) ဦးဆောင်ကော်မတီ ၀၆၇-၄၁၀၀၃၂
( ခ ) MFSPEA အသင်း ၀၉-၉၈၈၅၃၉၃၆၀

**မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့်စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅၂)၊ မြေကွက်အမှတ် (၁၅၀၉)ဟုခေါ်တွင်သော မြေချပါမစ် မူရင်းတွင် ဦးမြင့်မောင်(BQ-၀၂၃၆၃၉)အမည်ပေါက်ပိုင် အလျား (၄၀)ပေ၊ အနံ(၆၀) ပေ၊ ဧရိယာ(၂၄၀၀)စတုရန်းပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအားစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင် ဆိုင်ထားသူ ဒေါ်မှုးပြည့်ဝတီအောင်မျိုးသန့် (၁၂/ဥကတ(နိုင်)၁၉၂၈၇၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးသန်းတိုးခိုင် ၁၂/ဒဂရ(နိုင်)၀၃၇၆၂၆မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီအပြီးအပိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းတိုးခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဥမ္မာမြင့်(LL.B,D.B.L)** — **ဒေါ်မြတ်နိုးခင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ စဉ်-၈၃၅၁(၁၃-၉-၂၀၁၂)** — **အထက်တန်းရှေ့နေ စဉ်-၅၃၁၅၀(၃၀-၆-၂၀၂၀)**
**အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၇၂၃၀၉၈၉၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅၂)၊ မြေကွက်အမှတ် (၁၅၁၀) ဟုခေါ်တွင်သော မြေချပါမစ်မူရင်းတွင် ဦးခင်မြင့်(TBN-၀၈၇၁၉၉)အမည်ပေါက် အလျား (၄၀)ပေ၊ အနံ(၆၀) ပေ၊ ဧရိယာ (၂၄၀၀)စတုရန်းပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအားစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မှုးပြည့်ဝတီအောင်မျိုးသန့် (၁၂/ဥကတ(နိုင်)၁၉၂၈၇၈)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဦးသန်းတိုးခိုင် (၁၂/ဒဂရ(နိုင်)၀၃၇၆၂၆)မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းတိုးခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဥမ္မာမြင့်(LL.B,D.B.L)** — **ဒေါ်မြတ်နိုးခင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ စဉ်-၈၃၅၁(၁၃-၉-၂၀၁၂)** — **အထက်တန်းရှေ့နေ စဉ်-၅၃၁၅၀(၃၀-၆-၂၀၂၀)**
**အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၇၂၃၀၉၈၉၂**

## ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့၊ ကံကြီးရပ်ကွက်၊ နယ်မြေ(၁)နေ(ဘ)ဦးစောစေးစေးဝါး၏သမီး မနော်အဲလစ်ဝါး (၂/လကန(နိုင်)၀၆၅၂၇၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-789225)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၅၀၀၇၈၄၁

## အမည်မှန်

ဦးခွန်းရီချားဒို၏သမီး၊ တောင်ကြီးမြို့၊ အ.လ.က (၁၃)၊ Grade-5 (B) မှ မဇေဘဲလာ၏အမည်မှန်မှာ မစေဘဲလာ ဖြစ်ပါကြောင်း။

**မစေဘဲလာ**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးကြည်သန်း၏သမီး မဆွေဆွေအောင် ၇/ပမန(နိုင်)၁၃၆၅၈၂၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ)သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၂၅၄၁၇၆၆

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ မြေဧရိယာ (၀.၁၁၀ဧက)ရှိ မြေကွက်အမှတ် (ပ-၂၃၁၂၉)ကို အမည်ပေါက် ဒေါ်ဝင်းယုလွင် (ဘ) ဦးသိန်းလွင် ၁၂/ရကန(နိုင်)၀၁၆၅၃၃မှ ဒေါ်ခင်ချိုဆင့် (ဘ)ဦးစိုးသန်း ၆/ပလန(နိုင်)၀၈၀၉၆၄နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 74W/22676, Zhineng 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငြိမ်းသူဇာ ၁၄/ပသန(နိုင်)၃၃၁၀၃၅ က ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့၊ ရပ်ကွက်- ဈေးပိုင်း၊ ကွင်းအမှတ် ၅က၊ ကွင်းအမည်-ဈေးပိုင်းရပ်၊ ဦးပိုင်အမှတ်-၁၂၇/၁၊ ဧရိယာ (၀ဒသမ၀၅၈)ဧကရှိ မြေကွက်၊ ဇနီးဖြစ်သူ ဒေါ်မိုးမိုးအောင် အမည်ပေါက်မြေကွက်အား ဦးကျော်စိုးစိုး(ဘ)ဦးစိုးသိန်း ၁၂/အစန(နိုင်)၀၀၀၁၄၉က အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ် ချုပ်ဆိုမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်း အပြည့်အစုံနှင့်အတူ ယခုသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၃)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏ မိတ်ဆွေထံသို့ဖြစ်စေ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးမမ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၆၂၈)**
**၈၂/၁၁၅၊ ကုန်သည်လမ်း၊ ဈေးကြီးရပ်ကွက်၊ လှည်းကူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၆၇၁၈၈၅၆၉**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3Q/5884,Mitsubishi Canter FE83DGY, Truck ယာဉ်လက် ဝယ်ရှိသူ ဦးကျင်ပန်း ၁၄/ကကန(နိုင်) ၀၇၅၀၇၉က ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

ရွှေမိုးကောင်းကွန်ဒို မှ
အထူးပရိုမိုးရှင်း
(၂၅%) အထူးလျှော့ဈေးဖြင့် ရောင်းချပေးနေပါသည်။

Condo Facilities

- (24 Hour) Lift/Electricity/Security & CCTV
- Own Meter Sub Meter
- Fiber Internet System
- Swimming Pool & Gym
- Play Ground & Garden
- EV Car Station
- Grond Floor Area, Shopping Mall
- Sqft (1000) အထက်ကို ကားပါကင် (၁)စီးရာသက်ပန်အပိုင်ရရှိခွင့်
- Sqft (1000) အောက်ကို ကားပါကင် (၁)စီး (၅)နှစ် Free ရပ်နားခွင့်
- Water System, Overhead Tank & Underground Tank

ဆက်သွယ်ရန်ဖုန်း – ၀၉–၃၆၁၂၈၈၁၄၊ ၀၉–၂၅၄၀၃၄၈ရ၁




## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်–၅ ၊ နည်းဥပဒေ–၂၀)
### ပျဉ်းမနားခရိုင်တရားရုံးတော်၌
### ၂၀၂၅ ခုနှစ် ၊ တရားမကြီးမှုအမှတ် – ၇၆

| | |
|---|---|
| LEO BROTHERS Company Limited နှင့် | ၁။ ဒေါ်ကြည်ကြည် |
| (၎င်း၏ကိုယ်စား ဦးဂမ်အောင်) | ၂။ ဒေါ်ငွေငွေ |
| | ၃။ ဒေါ်နုနုအေး |
| | ၄။ ဦးဝင်းအောင်ထွန်း |
| ( တရားလို ) | (တရားပြိုင်များ) |

ညောင်လေးပင်မြို့၊ ညောင်လေးပင်ဆေးရုံ နေ (၁)တရားပြိုင် ဒေါ်ကြည်ကြည် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို က “မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု” နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ၊ ၂၂ ရက်နေ့ (၁၃၈၇ ခုနှစ် ၊ ပြာသိုလဆန်း ၄ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် ၊ အထက်အမည်ပါသူ တရားလို၏ အဆိုလွှာ ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင်၊ သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ လ၊ ၄ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(ကျော်မျိုးဝင်း)
ဒုတိယခရိုင်တရားသူကြီး(၂)
ပျဉ်းမနားခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်–၅ ၊ နည်းဥပဒေ–၂၀ )
### ပျဉ်းမနားခရိုင်တရားရုံးတော်၌
### ၂၀၂၅ ခုနှစ် ၊ တရားမကြီးမှုအမှတ် – ၇၆

| | |
|---|---|
| LEO BROTHERS Company Limited နှင့် | ၁။ ဒေါ်ကြည်ကြည် |
| (၎င်း၏ကိုယ်စား ဦးဂမ်အောင်) | ၂။ ဒေါ်ငွေငွေ |
| | ၃။ ဒေါ်နုနုအေး |
| | ၄။ ဦးဝင်းအောင်ထွန်း |
| ( တရားလို ) | (တရားပြိုင်များ) |

ပျဉ်းမနားမြို့၊ ရန်အောင်(၁)ရပ်ကွက် ၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၄၄၈)နေ (၂)တရားပြိုင် ဒေါ်ငွေငွေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

